စိတ်ကူးချိုချိုအနုပညာ

# မြန်မာစကားပုံ
# အဓိပ္ပာယ်နှင့်သုံးနည်း

လှသမိန်

ဒုတိယအကြိမ်

စကားပုံတစ်ခုစီ၏

အနက်အဓိပ္ပာယ်ကို

အကျယ်ဖွင့်ဆို ရှင်းပြထားသည်။

HTM0019

2,500.00 KS

မြန်မာစကားပုံအဓိပ္ပာယ်နှင့်သုံးနည်း။ လှသဖိန်
စာမျက်နှာ ၁၇၃ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးဝန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၇)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇွန်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
မဟောသဓစာပေ၏ ပထမအကြိမ်မှ။

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မြန်မာစကားပုံ အဓိပ္ပာယ်နှင့်သုံးနည်း

လှသမိန်

စကားပုံတစ်ခုစီ၏ အနက်အဓိပ္ပာယ်ကို
အကျယ်ဖွင့်ဆို ရှင်းပြထားသည်။

ဒုတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ

– စကားချီး    က


| | | |
|---|---|---|
| က | အက္ခရာစကားပုံများ | ၁ မှ ၃၁ |
| ခ | ။ ။ | ၃၂ မှ ၃၈ |
| ဂ | ။ ။ | ၃၉ |
| င | ။ ။ | ၄၀ မှ ၄၆ |
| စ | ။ ။ | ၄၇ မှ ၅၁ |
| ဆ | ။ ။ | ၅၂ မှ ၅၈ |
| ည | ။ ။ | ၅၉ |
| တ | ။ ။ | ၆၀ မှ ၆၇ |
| ထ | ။ ။ | ၆၈ မှ ၇၀ |
| ဒ | ။ ။ | ၇၁ မှ ၇၂ |
| ဓ | ။ ။ | ၇၃ |
| န | ။ ။ | ၇၄ မှ ၇၉ |
| ပ | ။ ။ | ၈၀ မှ ၈၅ |
| ဖ | ။ ။ | ၈၆ မှ ၈၇ |
| ဗ | ။ ။ | ၈၈ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ဘ | ။ ။ | ၈၉ မှ ၉၁ |
| မ | ။ ။ | ၉၂ မှ ၁၀၇ |
| ယ | ။ ။ | ၁၀၈ မှ ၁၁၁ |
| ရ | ။ ။ | ၁၁၂ မှ ၁၁၈ |
| လ | ။ ။ | ၁၁၉ မှ ၁၂၉ |
| ဝ | ။ ။ | ၁၃၀ မှ ၁၃၃ |
| သ | ။ ။ | ၁၃၄ မှ ၁၄၆ |
| ဟ | ။ ။ | ၁၄၇ |
| အ | ။ ။ | ၁၄၈ မှ ၁၇၃ |


❖

mgyoe.com

mgyoe.com



# စကားချီး

မြန်မာတိုင်းရင်းသားတို့သည် စကားပြောဆိုရာတွင် စကားပုံ ဥပမာ၊ ဥပစာများကို ဖောဖောသီသီ သုံးစွဲသောအလေ့ရှိကြသည်။ ထိုသို့သော စကားပုံ၊ ဥပမာ၊ ဥပစာများကို သုံးနှုန်းခြင်းသည် တိုးတက်လာခဲ့သော ယဉ်ကျေးမှုတစ်ရပ်ဖြစ်၍ အလင်္ကာပညာသဘောသို့လည်း သက်ရောက်ပေသည်။ ထိုစကားပုံများ၊ ဥပမာ၊ ဥပစာများတွင် တွေးခေါ်ယူဆ၊ စိတ်ကူးဖြန့်ချဲ့ပုံ၊ နှိုင်းယှဉ်၊ ချိန်ဆပုံစသော လူမျိုးတို့၏ စဉ်းစားဝေဖန်တတ်သော အရည်အသွေးသည် မြဲမြဲထင်ထင် စွဲဝင်အခြေခံလျက် ရှိပေသည်။ စကားပုံများ၊ ဥပမာ၊ ဥပစာများကို ထောက်ဆ၍ လူမျိုး၏ ဉာဏ်ရှင်မှု၊ ရင့်ကျက်မှု၊ အတွေးအယူ ကျယ်ပြန့်မှုတို့ကို အကိုးအကား နှိုင်းဆနိုင်ပေသည်။

မြန်မာစကားပုံများသည် အကြောင်းအရာ ကိစ္စအထွေထွေ၌ ထိထိရောက်ရောက် ဟပ်စပ်အောင် သုံးစွဲနိုင်ရန် အလုံအလောက်ပင်ရှိပေသည်။ သို့ရာတွင် တချို့သော စကားပုံများသည် အသုံးနည်း၍ အသုံးရှိခဲ့သည်ဟုပင် သတိမထားမိအောင်ရှိသည်။ တချို့သော စကားပုံများသည်လည်း ရွေ့လျော၍ အသုံးကွဲလွဲလာသည်။ တချို့စကားပုံများသည် နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့၍ အသိခက်၊ အဓိပ္ပာယ်ကွယ်ဝှက်၍ နေလေသည်။ တချို့စကားပုံများလည်း တစ်ဆင့်ကြားဖြင့် သုံးနှုန်းလာခဲ့ကြ၍ တိမ်းယိမ်းလာသည်။ တချို့ စကားပုံ

mgyoe.com

mgyoe.com

များလည်း တိမ်ကောလုနီးနီးရှိလာသည်။ တချို့စကားပုံများကိုလည်း အခြေအနေ၊ အကြောင်းအရာ၊ အဖြစ်သနစ်ကိုလိုက်၍ အသစ်ဖြည့်တင်း ဖွဲ့စပ်ဖန်တီးလာခဲ့ကြရသည်။

ယင်းသို့သောအခြေအနေတွင်–

၁။ စကားပုံများကို ကြွယ်ကြွယ်ဝဝ သိရှိထားရန်။

၂။ စကားပုံများ၏ အနက်နှင့် အဓိပ္ပာယ်သဘောရောက်ပုံကို တိတိကျကျ သိနားလည်ရန်

၃။ စကားပုံများကို အဆီလျော်ဆုံး အံဝင်ခွင်ကျ သုံးစွဲတတ်ရန်။

၄။ စကားပုံများကို လိုအပ်သလို အသစ်ဖြည့်သွင်းနိုင်ရန်။

ဟူသော လိုအပ်ချက်များသည် ဖြည့်တင်းစကောင်းသော လိုအပ်ချက်များပင် ဖြစ်နေလေသည်။ ထိုလိုအပ်ချက်ကို ဖြည့်တင်းနိုင်ရန်အတွက် သာမန်အားဖြင့် စကားပုံများကို စုဆောင်းတင်ပြရုံသာမက စကားပုံများ၏ သဘောအဓိပ္ပာယ် အရင်းအမြစ်နှင့် အသုံးကို ဖွင့်ဆိုဖော်ပြသင့်သည်ဟု ယူဆမိပေသည်။ ထိုအယူအဆကိုအခြေခံ၍ မြန်မာစကားပုံများစွာအနက်မှ အသုံးတွင်၍ အဓိပ္ပာယ်ဖွင့်ရန်လိုအပ်သော စကားပုံများကို သီးသီးသန့်သန့် ရွေးစစ်ပြီးနောက် ထောက်ဆမိသမျှ အရင်းအမြစ် အဓိပ္ပာယ်တို့ကို ဖွင့်ပြလျက် "မြန်မာစကားပုံအဓိပ္ပာယ်နှင့်သုံးနည်း" ကို ရေးသားပြုစုလိုက်ရပေသည်။ တချို့စကားပုံများနှင့်ပတ်သက်၍ ဒေသအလျောက် အကွဲအလွဲ ကောက်ယူခြင်းများ ရှိခဲ့သော် နှိုင်းယှဉ်ဖြည့်စွက်၍ ယုတ္တိအားလျော်စွာ ကောက်ယူကြရန်သာ ဖြစ်ပေသည်။

(လှသမိန်)

mgyoe.com

mgyoe.com

# (က)

## ကရဏီယနှင့်ဆွမ်းစား အံသွားဗထက်ချိုက်လိုက်ပြီ

"လက်ရှိအတိုင်းနေလာသည်မှာကြာပြီ၊ အထူးအထွေ အားထုတ်ဖွယ်မရှိ"ဟု ဆိုလိုသည်။ "မိမိနည်းနှင့် မိမိအောင်မြင်မှု အတွေ့အကြုံများလှပြီ။ အခြားနည်းရှာကြံလက်ခံဖွယ်မရှိ" ဟူ၍လည်း ဆိုလိုရာရောက်သည်။ ဤစကားမှာ ဆင့်ကဲတိုးတက်မှုကိုမရှာလိုဘဲ လက်ရှိနည်းဟောင်းနှင့် တင်းတိမ်တတ်သူများနှင့် လက်ရှိနည်းမှတစ်ပါး အခြားနည်းကို မရှာကြံလိုသူများသာသုံးစွဲသော စကားမျိုးဖြစ်သည်။ မိမိလုပ်နည်းလုပ်ဟန်အရ အထိုက်အတန် အောင်မြင်မှုနှင့်ပင် အတွေ့အကြုံရှိလှပြီဟု အထင်ရောက်တတ်သူများ သုံးစွဲတတ်ကြသည်။

ဤစကားပုံ ဖြစ်ပေါ်လာပုံမှာ ဤသို့တည်း။

တစ်ခါသော် ရဟန်းကြီးတစ်ပါးကို ဒါယကာတစ်ဦးက "ဦးပဥ္စင်းကြီး စာပေပိဋကတ် ဆက်လက်သင်ကြားဖို့ ကောင်းတယ်၊ ဒါမှ ကြည်ညိုကိုးကွယ်သူပေါပြီး ဆွမ်းမရှား ကွမ်းမရှားရှိလိမ့်မယ်"ဟု တိုက်တွန်းသောအခါ ရဟန်းကြီးက "ဒကာကြီး၊ ကျုပ်အသက်လည်းကြီးပါပြီ၊ ပိဋကတ်တတ်မှသာ ဆွမ်းကွမ်းပေါတယ်ရယ်လို့တော့ မပြောပါနဲ့၊ ကျုပ်– ကရဏီယနဲ့ ဆွမ်းစားလာတာပဲ အံသွားတွေတောင် ဗထက်ချိုက်လိုက်နေပြီ"ဟု ပြန်ပြောလိုက်လေသည်။

"ကရဏီယ"ဟူသည်မှာ မေတ္တသုတ် ပရိတ် တတိယပိုဒ်၌ "ကရဏီယမတ္ထကုသလေန၊ ယန္တသန္တံ ပဒံ အဘိသမေစ္စ" စသည်ဖြင့် ပါရှိသည်ကိုရည်၍ ဆွမ်းကျွေးပင့်သော

mgyoe.com

အခါ ဆွမ်းလှူအိမ်၌ မေတ္တာသုတ် ပရိတ်ရွတ်လေ့ရှိသည်ကို ဖော်ပြလိုရင်းဖြစ်သည်။ အံ့သွား ဗထက်ချိုက်လိုက်နေပြီ ဆိုသည်မှာ ဆွမ်းစားရပေါင်းများလှသဖြင့် အံ့သွား မျက်နှာပြင်ပင်လျှင် ပွန်းပဲ့တိုက်စားဖန်များသောကြောင့် ဗထက်ချိုက်အက္ခရာကဲ့သို့ ချိုင့်နေပြီဟူ၍ ဆိုလိုရင်းဖြစ်သည်။

## ကရိုးမကဘဲ ဆန်းက၍ နှပ်ပစ်ခံရသည်။

ဇာတ်ခုံပေါ်တွင် ကရိုးကစဉ် နေရာအဝန်းအဝိုင်းအတွင်းက,ရမည်ဖြစ်လျက် ဇာတ်ခုံအစွန်းရောက်အောင် ပြေးလွှားခုန်ပျံကသဖြင့် ဇာတ်ခုံအစွန်ဘက်သို့ တစ်စုံတစ်ယောက်က နှပ်ညှစ်၍ ပက်ပစ်သည်နှင့်မလွတ်ဘဲ စွန်းပေခံရသည်ဟုဆိုလိုသည်။

လုပ်ရိုးလုပ်စဉ်အတိုင်းပြုလုပ်ခြင်းသည် လမ်းရိုးလမ်းဟောင်းဖြစ်၍ အောင်မြင်ပြီးမြောက်မှုအတွက် သေချာပြီး ဖြစ်သည်။ သို့ရာတွင် ကွန့်ဆန်း၍ တစ်မျိုးတစ်ဖုံ အသစ်ထွင် ပြုလုပ်သောအခါ အတွေ့အကြုံမရှိသေးဘဲ စမ်းသပ်ရသည်ဖြစ်၍ အောင်မြင်မှုအတွက် မသေမချာဘဲ ဆုံးရှုံးနစ်နာမှုလည်း ရှိတတ်သည်။ အသစ်တီထွင်မှုတွင် စွန့်စားမှုရှိမြဲဖြစ်သည်။ ထိုသို့ရှိရာတွင် အဆန်းတီထွင်ကွန့်ထွက်မိ၍ ထိခိုက်နစ်နာမှုရှိသောအခါ လုပ်ရိုးလုပ်စဉ်မှ ကွန့်ထွက်၍သာထိခိုက်နစ်နာရသည်ဟု ယူဆလျက် ကရိုးကစဉ်နေရာက လွတ်အောင်ဆန်း၍က,သဖြင့် နှပ်အပစ်ခံရသည်နှင့် ခိုင်းနှိုင်းဆိုသည်။

စကားပုံများသည် အယူအဆနှစ်ဖက်လုံးအတွက် ရှိမြဲဖြစ်၍ လိုရာဘက်၌ ဆွဲ၍သုံးစွဲကြသည်။ စကားပုံရှိတိုင်း သဘောသဘာဝတ္တသည် တထစ်ချအမှန်ဧကန်ဟူ၍ မယူဆသာပေ။ နှစ်ဖက်အစွန်းအားဖြင့် အလျဉ်းသင့်ရာ ပုံပမာ နှိုင်းကြသည်ဟုသာ မှတ်ယူရန်ရှိသည်။ ပျက်အစဉ်ပြင်ခဏဟူသော စကားပုံ၊ ဒီလိုနေဒီလိုသေရမည် ဟူသော စကားပုံမျိုးလည်းရှိသည်။

**(နီးစပ်သောစကားပုံများ)**

သေချင်တဲ့ကျား၊ တောပြောင်း၊
ပြင်လွန်းတော့ဖင်ချွန်း။

## ကုလားသိုက် ကျားဝင်ကိုက်သလို

ကုလားလူမျိုးအစုအဝေးတွင် ကျားဝင်၍ ဆူညံစွာအော်ဟစ်ကြသည်ကိုဆိုသည်။ ကုလားလူမျိုးများ စကားပြောသံသည် ဆူညံသည်ဟု မြန်မာများ၏နားတွင်မှတ်ထင်

mgyoe.com

mgyoe.com

သည်။ နှုတ်အာသွက်လက်ပေါ့ပါးသောလူမျိုးများဖြစ်၍ အာသံ လျှာလိပ်သံ များသောကြောင့် အစုအဝေးလိုက် တစ်ယောက်တစ်ခွန်း ပြောဆိုကြသောအခါ နားမလည်ကြသူများအဖို့ နားငြီးဖွယ်ဖြစ်တတ်သည်။ ထိုကြောင့် သဘာဝအားဖြင့် သာမန်အခါ၌ပင် ဆူညံသည်ဟု မှတ်ယူလျှင် ကျားဝင်ရောက်ကိုက်ခဲသဖြင့် ကြောက်လန့်တကြားနှင့် အော်ဟစ်ပြောဆိုကြသည့်အခါ ပို၍ ဆူညံမည်ဟု တင်စားခိုင်းနှိုင်းဆိုခြင်းဖြစ်သည်။

နားမခံသာဖွယ်ဆူညံခြင်းကို ပုံခိုင်းသည်။

**(နီးစပ်သောစကားပုံများ)**

လက်ပံပင် ဆက်ရက်ကျသည့်နှယ်၊

ဝါးတောဆင်နင်းသည့်နှယ်၊

ဝါစေ့ဆိတ်ဝါးသည့်နှယ်။

## ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာ

ကုသိုလ်လို၍ပြုလုပ်သော်လည်း အကုသိုလ်က အဆပေါင်းများစွာ ပို၍ ရရှိနိုင်သည်ဟု ဆိုလိုသည်။ ကုသိုလ်လို၍ ဆွမ်းကျွေးရာ၌ ကြက်ဝက်တို့ကို သတ်ဖြတ်ပေးရန် ကြိုတင်မှာကြားခြင်း၊ မလောက်ငမည်ကို စိုး၍ပိတ်ပင် ဝန်တိုခြင်း၊ ကုန်ကျစရိတ်အတွက် သမ္မာအာဇီဝ မဖြစ်သောနည်းဖြင့် စီးပွားရှာရခြင်း စသည်အားဖြင့် မကောင်းမှုများကို အဆများစွာ ပိုမိုကျူးလွန်မိတတ်သဖြင့် ကုသိုလ်နည်း၍ ငရဲက အဆများသည်ကို ပုံခိုင်း၍ ဆိုသည်။

တစ်ပိဿာလျှင် ကျပ်တစ်ရာရှိသဖြင့် ဆယ်လီမူးနှင့် ပဲနှစ်ထောင်၊ ကျပ်သုံးပဲနှင့် တစ်ထောင့်ခြောက်ရာ၊ တစ်ဆနှင့် တစ်ထောင့်ခြောက်ရာမှနှစ်ထောင်အထိ အချိုးအဆ ကွာခြားပုံကိုတင်စား၍ ဆိုသည်။

အကျိုးနည်း၍ အပြစ်များခြင်း၊ အမြတ်နည်း၍ အရှုံးများခြင်းစသည်တို့၌လည်း တင်စား၍သုံးနိုင်သည်။

**(နီးစပ်သောစကားပုံများ)**

ဖွတ်မရ၊ ဓားမဆုံးသည်၊

အသားကတစ်ချိုး၊ အရိုးကခွက်တစ်ဆယ်။

mgyoe.com

## ကံယုံ၍ ဆူးပုံမနင်းနှင့်။

ဖြစ်လာမည့်အကျိုးအပြစ်ကို ရှောင်လွှဲ၍မရ၊ အကြောင်းပြုသလို အကျိုးဖြစ်ပေါ်ရမည်။ အကြောင်းကြောင့် ဖြစ်သော အပြစ်ကို မည်သည့်နည်းနှင့်မျှ ရှောင်လွှဲ၍မရဟူ၍ ဆိုလိုသည်။

မိမိကိုယ်အား ကံအလွန်ကောင်းလှသည်ဟု ယုံကြည်ရင်းရှိစေကာမူ ဆူးပုံကိုနင်းလျှင် စူးမည်သာ ဖြစ်သည်။ ကံကောင်း၍ ဆူးကိုနင်းသော်လည်း မစူးဟူ၍မရှိ၊ ဆူးမည်သည်မှာ မိမိလောက် မာကျောသိပ်သည်းမှုမရှိသောအရာကို ဖိနှိပ်သောအားနှင့် အချိုးအစားညီမျှစွာ စူးဝင်ထိုးဖောက်မည်မှာ နိယာမ တရားသာလျှင် ဖြစ်သည်။ ထို့ကြောင့် အကြောင်းနှင့်အကျိုး၊ အပြုနှင့်အဖြစ် ဆက်သွယ်သောဟေတုပစ္စည်း၊ ကြောင်းကျိုးဆက်စပ်မှု နိယာမတရားကို မည်သည့်နည်းနှင့်မျှရှောင်လွှဲ၍မရ။ ကံကိုယုံကိုးနေ၍ နိယာမသဘောမှ လွတ်ကင်းနိုင်ခြင်းမရှိ၊ ဝီရိယအစွမ်းဖြင့်၊ ဉာဏ်အစွမ်းဖြင့် ဆူးကိုရှောင်၍ နင်းလျှင်သော်လည်းကောင်း၊ မစူးမဖောက်နိုင်သော အကာအကွယ် ပစ္စည်းဝတ်ဆင်၍ နင်းလျှင်သော်လည်းကောင်း စူးခြင်းမှ ကင်းလွတ်ပေလိမ့်မည်။

ကံကိုချည်းယိုးမယ်ဖွဲ့ ယုံကြည်စွဲလမ်းလွန်းကာ ဖြစ်လာမည့်ကိစ္စကို မဖြစ်တန်ရာဟူ၍ အထင်သေး ပေါ့ဆစွာ သဘောမထားရာ။ အကျိုးအပြစ်သည် ပြုလုပ်သော အကြောင်းအားလျော်စွာ ဖြစ်ပျက်မည်ဟူ၍ ကံယုံတတ်သူများအား သတိပေး ပုံခိုင်းသော စကားဖြစ်သည်။

**(နီးစပ်သောစကားပုံများ)**

ကံမရှိ ဉာဏ်ရှိတိုင်းမွဲ။

## ကိုယ်ကကျူး၊ ကိုယ့်ဒူးမှမယုံရ။

မိမိကိုယ်တိုင်ကလွဲလျှင် အခြားသူကိုမပြောထားဘိ။ မိမိ၏ဒူးကိုသော်မျှပင်လျှင် ယုံကြည်စိတ်ချ၍ မရနိုင်ဟုဆိုသည်။

သူတစ်ပါးကို ယုံကြည်စိတ်ချမိမှား၍ နစ်နာဆုံးရှုံးမှုများဖြစ်လေ့ဖြစ်ထရှိပေသည်။ ထို့ကြောင့် လောကဥ္ဇ စိတ်သီးခြား၊ ကိုယ်သီးခြားရှိနေသော အခြားသူများကို ယုံကြည်စိတ်ချဖို့ရန်မှာ များစွာခဲယဥ်းလှသည်ဟု ပညာရှိတို့က သတိပေးလေသည်။ လောကဥ္ဇ ယုံကြည်စိတ်ချရမည့်တစ်ပါးသူမရှိကြောင်းကို မဟောသဓာဇာတ်တော်၌လည်း လျှို့ဝှက်ချက်ကို မည်သူ့အားမျှမပြောကြားသင့်ကြောင်းအဆို အရေးသာပုံကို ဝတ္ထု

mgyoe.com

mgyoe.com

သက်သေဖြင့်တင်ပြထားသည်။ ထို့ကြောင့် တခြားသူတစ်ပါးကို မဆိုထားနှင့်။ မိမိကိုယ်အင်္ဂါအစိတ်အပိုင်းဖြစ်သော ဒူးကိုမျှပင် စိတ်ချယုံကြည်နိုင်ဖွယ်မရှိဟုဆိုသည်။

လူသည် မသွားတော့ဟု ဆုံးဖြတ်ထားသည့်နေရာသို့ အမှတ်မထင် သွားမိတတ်သည်။ ထိုသို့ဖြစ်ခြင်းမှာ ဒူးကိုစိတ်မချရခြင်းပင်ဖြစ်သည်။ ဒူးမနာနိုင်ဟုမှတ်ယူနေသော်လည်း ဒူလာရောဂါကြောင့် အမှတ်မထင်သောအခါ၌ နာကျင်ကိုက်ခဲ၍ လာတတ်၏။ သွေးသား ၃၂ ကောဋ္ဌာသနှင့် ဓာတ်လေးပါး၏ ဖောက်ပြန်ပြောင်းလဲမှုကို လူသည်ပြုပြင်ဖန်တီး၍ အလုံးစုံရမြဲ မဟုတ်ပေရာ ဒူးသည် အကြောင်းအဘက်ဘက်၌ စိတ်မချရသော မိမိကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုပင်ဖြစ်သည်။ ထို့ကြောင့် မိမိဒူးကိုမျှ မိမိမပိုင်နိုင် အစိုးမရလျှင် သူတစ်ပါးကို မိမိဆန္ဒအတိုင်း ဖြစ်မည် ဟုယုံကြည်စိတ်ချဖို့ရန် မဖြစ်နိုင်ကြောင်း ထင်ရှားစေသည်။

**(နီးစပ်သောစကားပုံများ)**

လူရိုး သင်္ချိုင်းမှာသာရှိသည်။

ကျွန်ယုံတစ်ဖက်ကန်း သားသမီးယုံစုံလုံးကန်း။

## ကိုယ့်ကိုယ်ကိုယ်ဖော် မသူတော်ခုနစ်ပါး

မိမိဂုဏ်ပုဒ်ကို ထုတ်ဖော်ဝင့်ကြွားသူသည် မသူတော်များသာဖြစ်သည်ဟုဆိုလို သည်။

ကိုယ့်အမည်ကို ကိုယ်ဖော်ထုတ် မြည်တွန်တတ်သော တိရစ္ဆာန်သတ္တဝါများကား ခုနစ်ပါးရှိသည်။ ထိုခုနစ်ပါးမှာ . . .

၁။ တောက်တဲ့

၂။ ဖီးကွက်

၃။ ရွှေပြည်စိုး

၄။ ယောက်ဖခွေးခေါ်ငှက်

၅။ တစ်တီတူး(တီတီတွတ်)

၆။ ဥသြငှက်

၇။ ဘုတ်ငှက်

စသည်တို့ဖြစ်သည်။ တိရစ္ဆာန်သတ္တဝါမှတစ်ပါး လူတို့သည် မိမိတို့၏ အမည်ဂုဏ်ပုဒ်ကို ကိုယ်တိုင်ထုတ်ဖော်ကြွားဝါဝင့်ရိုးမရှိ ဟူ၍ဆိုသည်။ ထိုစကားဖြင့် ကြွားဝင့်ခြင်း၊ ကိုယ့်ဂုဏ်ကို ကိုယ်ဖော်ခြင်းတို့သည် လူတို့၏ကျင့်ဝတ်တွင် အကျုံးမဝင်၊

mgyoe.com

mgyoe.com

လူကောင်းတို့ အပြုအမူမဟုတ်။ တိရစ္ဆာန်တို့၏အလုပ်၊ တိရစ္ဆာန်တို့၏အမူအကျင့်သာ ဖြစ်သည် စသည်ဖြင့် ရှုတ်ချ၍ဆိုသည်။ ထောင်လွှားတက်ကြွခြင်း မာနသဘောသို့ ရောက်သောကြောင့် သူတော်ကောင်းတို့စက်ဆုပ်ကြသည်။

အမည်ကိုစွဲ၍ ခေါ်တွင်ခြင်းဖြစ်သော်လည်း တင်စား၍ ဆိုသည်။

(နီးစပ်သောစကားပုံများ)

ကိုယ့်ငါးချဉ် ကိုယ်ချဉ်။

ငါနှင့်ငါသာနှိုင်းစရာ။

## ကိုယ့်စိတ်နှင့်နှိုင်း မရိုင်း။

သူတစ်ပါး၏ အလိုဆန္ဒကိုသိလိုမူ ကိုယ့်အလိုဆန္ဒဖြင့် နှိုင်းစာဆင်ခြင်ခြင်းပြုအပ်သည်။ ထိုသို့ပြုလုပ်ခြင်းသည် မဆိုးဝါး မမှားယွင်းနိုင်သောနည်း ဖြစ်သည်ဟု ဆိုလိုသည်။

မိမိကိုယ်တိုင်မနှစ်သက်သော အနိဋ္ဌာရုံကို သူတစ်ပါးနှစ်သက်မည်မဟုတ်၊ မိမိလိုလားတပ်မက်သော ဣဋ္ဌာရုံကို သူတစ်ပါးလည်း တပ်မက်နှစ်သက်မည် စသည်ဖြင့် သူတစ်ပါးထားရှိမည့် စိတ်အလိုဆန္ဒကို ကိုယ်ချင်းစာနာစိတ်ဖြင့် နှိုင်းယှဉ်တွေးဆ သဘောထားခြင်းသည် မှန်ကန်သည်ဟု ဆိုလိုသည်။ မိမိကိုယ်တိုင် မနှစ်သက် မခံချိသောအရာကို သူတစ်ပါးအားခံယူစေခြင်းမပြုသင့်၊ သူတစ်ပါးသည်လည်း မိမိကဲ့သို့ပင် ခံစားသိမှတ်တတ်သူဖြစ်သည်ဟု အစဉ်နှလုံးသွင်းရန် ရည်ညွှန်း၍သုံးသည်။

သို့ရာတွင် တစ်ဦးအဖို့အကောင်းသည် အခြားတစ်ဦးအဖို့အဆိုးဖြစ်၍ တစ်ဦးအတွက်စေတနာသည် အခြားတစ်ဦးအဖို့တွင် ဝေဒနာဖြစ်နိုင်သည်ကို သတိပြုသင့်သေးသည်။

## ကိုယ့်ထမင်းကိုယ်စား၊ ကြီးတော်နွားကျောင်းသည်။

အခကြေးငွေမရ၊ မိမိကုန်ကျစရိတ်နှင့် မိမိထမင်းကိုစားပြီး ကြီးတော်၏နွားကို စေတနာ့ဝန်ထမ်း ကျောင်းပေးသည်ဟု ဆိုလိုသည်။

အလုပ်လုပ်သူသည် မိမိအလုပ်အားနှင့် ညီမျှသော လုပ်အားတန်ဖိုးကို အဖိုးအခကြေးငွေဖြင့်ဖြစ်စေ၊ လက်ဆောင်ပစ္စည်းဖြင့်ဖြစ်စေ၊ အလားအလာ အခွင့်အရေးဖြင့် ဖြစ်စေပေးချေသည်ကို ခံယူကြရစမြဲဖြစ်လေသည်။ တစ်ခါတစ်ရံတွင်ထိုသို့ အတို့အလှယ် အကျိုးကျေးဇူး၊ လုပ်အားတန်ဖိုး မရရှိဘဲ၊ စေတနာ့ဝန်ထမ်းသက်သက် ဆောင်ရွက်ပေး

mgyoe.com

mgyoe.com

ရသောအခါတွင် ကျေးဇူးတင်ဖော်မှ မရသောကြောင့် ကိုယ့်ထမင်း ကိုယ်စား၍ ကြီးတော် နွားကျောင်းပေးသည်ဟု ခိုင်းနှိုင်းဆိုကြသည်။ ကြီးတော်ဖြစ်သူသည် မိမိတူဖြစ်သော ကြောင့် သူတစိမ်းက ကူညီကျေးဇူးပြုသည်ကဲ့သို့ သိသိသာသာ အမှတ်မပြုဘဲ ဆွေမျိုး သားချင်း ဝတ္တရားအရ ကူညီပေသည်ဟု ကျေးဇူးအထူးမတင် ရှိတတ်ပေသည်။

(နိုးစပ်သောစကားပုံ)

ဆံထုံးထုံး ဆီစိုက်။

## ကိုယ်နှစ်သက်က ထန်းပလပ်နတ်ရုပ်ထင်

မိမိကိုယ်တိုင်နှစ်သက်ပါက ထန်းပလပ်ငယ်မျှ ဖြစ်သော်လည်း နတ်ရုပ်တမျှကဲ့သို့ မှတ်ထင် လေးမြတ်နိုင်စွမ်း ရှိသည်ဟု ဆိုလိုသည်။

လူတို့သည် စိတ်ကထင်မှတ်ရာကို အမှန်တကယ် ထင်မှတ်တတ်၏။ စိတ်လိုရာကို လိုက်၍ တွေးတော ကောက်ယူတတ်၏။ စိတ်ကျေနပ်မှုရှိလျှင် မြတ်နိုးနှစ်သက်တတ်၏။ အရုပ်ဆိုးသောအရာကို လှသည်ဟုထင်လျှင်လှနိုင်၏။ အသုံးမကျသော အရာကို အဖိုး တန်သည်ဟု မှတ်ယူက အဖိုးတန်ပစ္စည်းပင် ဖြစ်ရ၏။ ကောင်းသည်၊ ဆိုးသည်၊ သာယာ သည်၊ ငြီးငွေ့သည် စသည်တို့မှာ စိတ်ဆန္ဒ၏ အဆုံးအဖြတ်အတိုင်းပင် ဖြစ်၏။ ထို့ကြောင့် မိမိနှစ်သက်ခြင်းဖြစ်နေပါမူ ထန်းပလပ်သည်ပင် နတ်ရုပ်အဖြစ် အမှတ်စွဲ ထင်နိုင်၏။

မိမိနှစ်သက်သောအရာသည် မည်သည့် ချို့ယွင်းချက်ပင် ရှိသည်ဖြစ်စေ၊ မိမိအဖို့ စင်းလုံးချော ဖြစ်နိုင်၏။ အရာဝတ္ထုတစ်ခု၏ မူလ ဂုဏ်အင်္ဂါထက် စိတ်ဆန္ဒ၏အဆုံး အဖြတ်သည် အယူအဆကိုလွှမ်းမိုးနေကြောင်း ထင်ရှားစေရန် ပုံခိုင်းသုံးသည်။

(နီးစပ်သော စကားပုံများ)

ကိုယ့်ငါးချဉ်ကိုယ်ချဉ်။

ကိုယ်ထင် ခုတင်ရွှေနန်း။

ရှမ်းကြိုက် နွားချော။

## ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလို

မိမိပေါင်ကို လူ့ရှေ့တွင် လှန်၍ မိမိဘာသာ နာကျင်အောင် မိမိတံတောင်ဖြင့် ထောင်း ကြိတ်ပြသကဲ့သို့ ဖြစ်နေသည်ကိုဆိုလိုသည်။

ပေါင်ဟူသော ကိုယ်ခန္ဓာအစိတ်အပိုင်းမှာ မဖွင့်မပြအပ်သော အရှက်သိမ်းဆည်း

mgyoe.com

ရာ အစိတ်အပိုင်းပင် ဖြစ်သည်။ လူရှေ့တွင် ပေါင်ကိုလှန်ပြခြင်းသည် ကိုယ့်အရှက်ကို ကိုယ်ခွဲသည်နှင့် တူသည်။ လှန်ရုံမျှမက မိမိတံတောင်ဖြင့် ထောင်းပြန်သော် မိမိပယောဂဖြင့် မိမိသာနာကျင်ရပေသည်။ ထို့ကြောင့် ရှက်လည်း ရှက်ရ၊ နာလည်းနာရအောင် မိမိအပြုအမူဖြင့် မိမိပြုလုပ်မိခြင်းကို ပမာပြု၍ မိမိပယောဂဖြင့် မိမိအရှက်ကို ကွဲစေ၍ မိမိနစ်နာအောင်ပြုမိသောအခါမျိုးတွင် သုံးနှုန်းသည်။ မိမိသားသမီး၏ ဆိုးယုတ်မှုအကြောင်းကို ဖွင့်ဖော်ပြောဆိုရန်ရှိသောအခါ မလွဲသာ၍ ပြောရစေကာမူ မိမိအတွက် ရှက်ရွံ့နစ်နာဖွယ်ကို ပြောရသည်ဖြစ်သောကြောင့် ကိုယ့်ပေါင်ကိုလှန်၍ထောင်းရာ ရောက်သည်။ သူတစ်ပါးက အရှက်ရစေ နစ်နာစေအောင် ပြုသည် မဟုတ်ဘဲ မိမိဘာသာ ပြုမှု ပြောဆိုရသည်မှာ မပြုလို၊ မပြောလိုသော ကိစ္စဖြစ်သောကြောင့် မလိုလားဘဲ ရှိကြသည်။ အလားတူ အရှက်ပေါ်စေနစ်နာစေသောကိစ္စမျိုးကို ဖော်ထုတ်ရသောအခါ ပကတိထင်ရှားသော အပြုအမူဖြင့် တင်စား၍ သိမြင်သော သဘောပေါက်လွယ်အောင်ပြောဆိုသည်။

**(နီးစပ်သောစကားပုံများ)**

ကိုယ့်အထုပ်ကိုယ်ဖြည်ပြ။

ရွံ့ပုတ်သော် မျက်နှာစင်။

အမေ့ထဘီသားလှစ်။

## ကိုယ့်ဖင်မနိုင်ဘဲ၊ ပဲကြီးဟင်းသောက်ချင်။

ကိုယ့်ဝမ်းပြောတတ်သော ကိုယ်ခန္ဓာသဘာဝကို မထိန်းသိမ်းနိုင်ဘဲနှင့် ဝမ်းပြောစေနိုင်သော ပဲကြီးဟင်းကို စားသောက်ချင်သည်ဟုဆိုသည်။

ပဲကြီးဟင်းသည် ဝမ်းသက်စေနိုင်ခြင်း မရှိစေကာမူ၊ ဝမ်းလွယ်စေ၊ ပြောစေတတ်သော သဘောရှိပေသည်။ ဝမ်းလွယ်တတ်သောသူများသည် သစ်သီးမှည့်၊ ဖျော်ရည်စသော ဝမ်းနှုးလွယ်သည် အစားအစာများကို စားသောက်သောအခါ ဝမ်းဖောဖောသက်လေ့ရှိသည်။ ထိုကြောင့် ဝမ်းကိုထိန်းနိုင်သောချုပ်တည်းမှုမှာလည်း ကိုယ်ခန္ဓာကြွက်သားများအလိုက်စွမ်းဆောင်မှုလိုလေသည်။ ဝမ်းကိုထိန်းနိုင်စွမ်းနည်းပါးသူများသည် ပဲကြီးဟင်းကဲ့သို့သော ဝမ်းနှုးစာများကို ရှောင်ရမည် ဖြစ်ပါလျက် ကိုယ်လည်း မစွမ်းဘဲ မိမိလိုက်စားမှုမျိုးကို လုပ်ကိုင်သည့်အခါတွင် အခက်အခဲ အန္တရာယ် တွေ့ဆုံရတတ်လေသည်။ တစ်စုံတစ်ခုကို လုပ်ကိုင်မည်ဆိုလျှင် ဖြစ်ပေါ်မည့်အကျိုးအပြစ်အတွက် ခံနိုင်ရည် ရှိ၊ မရှိ စိစစ်ရန်လိုလေသည်။ မစိစစ်ဘဲ ပြုလုပ်ပြီးမှ၊ ဖြစ်ပေါ်လာမည့် အခက်အခဲ

mgyoe.com

ကို ရှောင်ရှားကျော်ဖြတ်ရန် မစွမ်းဘဲ ရှိတတ်လေသည်။ ထို့ကြောင့် မစွမ်းဘဲ အရဲစွန့် အမိုက်ခံပြုလုပ်ခြင်းမျိုးကို ရှုတ်ချသောအားဖြင့် ပုံခိုင်းပြောဆိုသည်။

တချို့က စကားယဉ်အောင် နှုတ်ခမ်းမွေးမသိမ်းဘဲ ပဲကြီးဟင်းသောက်ချင်သည်ဟု လွှဲပြောင်းဆိုကြသည်။ နှုတ်ခမ်းမွေးကို စွန်းပေနိုင်သည်ကို ရည်၍ဆိုသည်။

အလုပ်အကိုင်မရှိဘဲ အိမ်ထောင်ပြုချင်သော ယောကျ်ားမှာ ဖင်မနိုင်ဘဲ ပဲကြီးဟင်း သောက်သည်နှင့်သာတူသည်။

**(နီးစပ်သော စကားပုံများ)**

မြင်းမနိုင်ဘဲ ကဆုန်စိုင်းချင်။

မရဲဘဲနှင့် ကျွဲပြိုင်စီးသည်။

ကိုယ့်မုတ္တကိုယ်မနိုင်ဘဲ တခရိုင်ကူးချင်သည်။

## ကိုယ်မချို အမိသော်လည်း သားတော်ခဲ။

ကိုယ်တိုင်မရှုမကယ်နိုင်အောင် ဒုက္ခဝေဒနာကပ်ရောက်နေသော မိခင်သည် ချစ်လွန်း လှသည်ဆိုသော မိမိရင်သွေးသားသမီးများကိုပင်လျှင် အကြောင့်ကြမရှာ။ မကယ်ယူ နိုင်ဘဲ သားသမီးဟူ၍ အမှတ်မပြုနိုင်တော့လောက်အောင် လျစ်လျူပြု၍ မိမိသက်သာ မှုကိုသာ ဝကွက်၍ ရှာစမြဲဖြစ်သည်ဟုဆိုလိုသည်။

မိခင်သည် ရင်မှဖြစ်သော သားသမီးတို့ကိုချစ်ခင်မြဲဖြစ်သည်။ သားသမီးတို့အတွက် အဆင်းရဲ အပင်ပန်းခံ၍ ပြုစုလုပ်ကျွေးသည်။ သို့ရာတွင် ကြီးကျယ်လှသော ဒုက္ခအပေါင်း ကို ခံစားလာရသောအခါ သားသမီးအရေးထက် မိမိကိုယ်ရေးကိုသာ ရှေးရှုတတ်သော သဘောရှိသည်။ အကျဉ်းအကျပ်အခါမျိုးတွင် မိမိကိုယ်ထက်ချစ်သော သူသည် မရှိဟူ သော အချက်ကိုပေါ်လွင်စေရန် ခိုင်းနှိုင်းသုံးသည်။

(စင်စစ်သော်ကား အရာရာ၌ ခြွင်းချက်ရှိတတ်သည်ဖြစ်သော်လည်း အဖြစ်အနေ များရာသဘောကို ထောက်ဆ၍ဆိုသောစကား ဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုးအတွက် ဘေးဒုက္ခအကျပ်အတည်းကြားမှ အနစ်နာခံ၍ အကျိုးပြုခဲ့သော အာဇာနည်များရှိသည် ကိုလည်း သတိပြုရာသည်။)

**(နီးစပ်သောစကားပုံများ)**

ကိုယ်နှင့်တူစွာချစ်သော သူမရှိ။

ကမ္ဘာမီးလောင် သားကောင်ချနင်း။

mgyoe.com

mgyoe.com

## ကိုယ်မလှ ကိုယ်မမြင် သူမလှ ကိုယ်ရယ်ချင်။

မိမိကိုယ်တိုင်က မလှပသည်ကိုမူ သတိမထားမိတတ်ဘဲ သူတစ်ပါး အရုပ်ဆိုး အကျည်းတန်သည်ကိုမူ လှောင်ပြောင်ရယ်မောချင်သည့် သဘောကိုဆိုလိုသည်။

လူသည် မိမိကိုယ်ကို အထင်ကြီးသူဖြစ်သည်။ ထိုစိတ်ရှေ့ဆောင်နေသောအခါ မိမိကိုယ်၌ဖြစ်သော ချို့ယွင်းချက်ကိုမမြင်တတ်ချေ။ မိမိကိုယ်ကို တကယ်ပင် အရုပ်ဆိုးစေကာမူ အရုပ်ဆိုးသည်ဟု မထင်မှတ်တတ်ချေ။ သို့ရာတွင် သူတစ်ပါးအရုပ်ဆိုးသည်ကိုမူ မြင်လွယ်သည်။ မိမိကိုယ်ပေါ်တွင် သက်ညှာလျှော့ပေါ့ စဉ်းစားသလောက် သူတစ်ပါးအပြစ်ကို မညှာမတာ၊ ခွင့်မလွှတ်တမ်း မြင်တတ်သည့်အတိုင်း သူတစ်ပါး မလှသည်လိုမြင်ရသောအခါတွင်ကား လှောင်ပြောင်ရယ်မောချင်တတ်သည်။ ထိုသို့ မလိုလားအပ်သည့်လူ့စရိုက်ကို ပေါ်လွင်အောင်ပြောဆိုသောအခါတွင် မိမိအမှန်အတိုင်း ဝေဖန်သုံးသပ်ရှုမြင်တတ်ခြင်းမရှိဘဲ သူတစ်ပါးအပြစ်ကို တစ်ဖက်သတ် မြင်တတ်ပုံကို ပေါ်လွင်စေရန် ပုံခိုင်းပြောဆိုသည်။

**(နီးစပ်သော စကားပုံများ)**

ကိုယ့်မျက်ချေး ကိုယ်မမြင် သူများမျက်ချေးကိုယ်မြင်

သူ့တစ်ချောင်းထိုး ကိုယ့်လေးချောင်းထိုး။

## ကိုယ်မွေးတဲ့မျောက် ကိုယ့်ပြန်ခြောက်

မိမိကိုယ်တိုင်ကျွေးမွေးပြုစုလာခဲ့သော မျောက်က ကျွေးမွေးထားသူ ကျေးဇူးရှင်ကိုပင်ပြန်၍ ခြောက်လှန့်ပြနေသည်ဟုဆိုလိုသည်။

သူတစ်ပါးကျေးဇူးကို သိတတ်ခြင်းသည် သူတော်ကောင်းတို့ အလေ့အကျင့်ဖြစ်သည်။ သို့ရာတွင် ယုတ်မာသော သူတို့သည် မိမိအပေါ်၌ ကျွေးမွေးပြုစုသော ကျေးဇူးရှင်ကိုပင် မခြွင်းချန်ဘဲ ပြန်၍စော်ကားကျေးဇူးကန်းတတ်လေသည်။ ထိုသူများသည် အသိအလိမ္မာနည်းသော တိရစ္ဆာန်မျောက်ကဲ့သို့ ကျေးဇူးပြုထားသူကိုပင် ပြန်၍ခြောက်လှန့်တတ်သူများဖြစ်သည်ဟု ပုံခိုင်း၍ ဆိုသည်။ မိမိပယောဂဖြင့် မိမိကျေးဇူးမဲ့ဖြစ်ရတတ်သောအခါမျိုးတွင် သုံးနှုန်းသည်။

**(နီးစပ်သော စကားပုံများ)**

ကျေးဇူးရှင် ကျေးစွပ်။

ကိုယ်တင်တဲ့စစ်ကဲ ကိုယ်ချမရ။

mgyoe.com

သားသမီးယုံ စုံလုံးကန်း။
ကိုယ့်ရှုးကိုယ်ပတ်။
ကိုယ့်အတတ်နှင့်ကိုယ်စူး။

## ကိုယ်မွေးသည့်ကြက် ကိုယ်ရိုက်သတ်စားသည်။

မိမိတယုတယ မွေးမြူလာခဲ့သည့်ကြက်ကို မိမိပင် အလုကြည့်ရှုနေခြင်းမရှိဘဲ ရိုက်သတ်စား၍ ဖျောက်ဖျက်ပစ်လိုက်သည်ဟုဆိုလိုသည်။

မိမိလုံ့လဖြင့် ကြီးပွားစည်ပင်အောင် အားပေးထူထောင်မြှင့်တင်လာခဲ့သော သူတစ်ဦးအား မိမိပယောဂဖြင့်ပင်လျှင် လျှောကျပျက်စီးအောင် ပြန်၍ပြုလုပ်သည့်အခါမျိုးတွင် သုံးနှုန်းသည်။ မိမိမွေးမြူလာသည့်ကြက်ကို အလုကြည့်၍ ကျေနပ်နေရန်သာ ရှိပါလျက် မိမိတပင်တပန်း ကြိုးပမ်းချက်ကို မိမိပင် အရာမထင်အောင် ဖျက်ဆီးပစ်ဘိသကဲ့သို့ ထိုကြက်ကို အစတုံး ရိုက်သတ်စားခြင်းမျိုးကို အချည်းနှီးဖြစ်စေသည်။ မိမိကျေးဇူးကို မိမိပြန်ဖျက်ခြင်း၊ မိမိကောင်းကျိုးကို မိမိဆိုးပြစ်နှင့်ပြန်၍ထေခြင်း စသည်ကဲ့သို့ မှတ်ယူကြသည်။ ထိုသို့သော အပြုအမူမျိုးကို မိုက်မဲသူတို့သာလျှင် မိမိကြိုးပမ်းမှုကိုပြန်၍ ဖျက်သည်ဟူသော အယူအဆဖြင့် ရှုတ်ချပြောဆိုကြသည်။

**(နီးစပ်သောစကားပုံများ)**

ကိုယ်ထွေးသည့်တံတွေး ကိုယ်ပြန်မျို။
ကိုယ်ရေးသည့်စာ ကိုယ်ပြန်မီးရှို့။
ကိုယ့်တပ်ကိုယ်နင်း။
ကိုယ့်စည်းကိုယ်ကျော်။

## ကိုယ့်ရှုးကိုယ့်ပတ်။

ကိုယ့်ပယောဂကြောင့်ပင်လျှင် ကိုယ့်အပေါ်၌ အပြစ်ကျ၍ ရောက်ရသည်ကို ဆိုလိုသည်။

ကလေးသူငယ်များသည် မြွေကြီး လင်းမြွေကစားနည်းကို ကစားသောအခါ ရှေ့ဆုံးမှခေါင်းသူကြီးသည် မြွေ၏ဦးခေါင်းပမာပြု၍ ကြီးစဉ်ငယ်လိုက် ခါးကိုတစ်ဆင့်စီဆက်တွဲထားသော ငယ်သားအတန်းကြီးသည် မြွေ၏ကိုယ်နှင့်အမြီးပမာ လှုပ်ရှားကြလေသည်။ ခေါင်းသူကြီးသည် မြွေတွန်သံကဲ့သို့ 'ရှုး' ဟု အော်ဟစ်လျက် ဝဲဘက်မှ

mgyoe.com

mgyoe.com

ဖြစ်စေ၊ ယာဘက်မှဖြစ်စေ လူတန်းနောက်ဆုံးလူကို မိမိအမြီးဖျားကို ပေါက်ဟန်ဖြင့် လက်အုပ်နှင့် ထိတို့ရလေသည်။ နောက်တန်းလူများသည် မြွေဦးခေါင်းလှည့်သည့်ဘက်နှင့် လွတ်အောင်ရှောင်၍ ဘေးသို့ဖယ်ယမ်းကြရလေသည်။ လူအတန်းလိုက် ခါးတွဲမပြုတ်စေရဘဲ ဝဲယာရှောင်တိမ်းရသည်မှာ ပျော်ရွှင်ဖွယ်ဖြစ်လေသည်။ သို့ရာတွင် လူတန်းရှည်သောအခါ မိမိက 'ရှူး' ဟုအော်၍ယမ်းခြင်းကြောင့် ငယ်သားတို့ အလန့်တကြား ကွေ့ရှောင်ရာမှ လူတန်းကြီးက မြွေဦးခေါင်း ခေါင်းသူကြီးကို ဝိုင်းပတ်မိလျက်သားဖြစ်၍ လှုပ်လှည့်မရ၊ အမြီးကိုလှမ်းပေါက်မမီ ဖြစ်ရတတ်လေသည်။ ထိုအခါမျိုးတွင် ကိုယ့်ရှူးနှင့် ကိုယ့်ပတ်သည်ဟုဆိုသည်။ ကိုယ့်အတတ်နှင့်ကိုယ် ပြန်ထိခိုက်ရသောအခါတွင် ပုံခိုင်းသုံးသည်။

**(နီးစပ်သောစကားပုံများ)**

ကိုယ့်အတတ်နှင့်ကိုယ်စူး။

ကိုယ်တင်တဲ့စစ်ကဲ ကိုယ်မချနိုင်။

ကိုယ်မွေးတဲ့မျောက် ကိုယ့်ပြန်ခြောက်။

## ကိုယ့်အကြောင်း ခေါင်းအုံးမှသိ။

မိမိ မည်မျှ ပူဆွေးလွမ်းဆွတ်သော သောကဖြင့် ပူပန်ငိုကြွေးမျက်ရည်ကျခဲ့ရသည်ကို အခြားသူများ မမြင်လာ၊ မသိလာ၊ မိမိအခန်းတွင်း အိပ်ရာမှ မျက်ရည်ခံယူရာ ခေါင်းအုံးသည်သာလျှင် အသိဆုံးဖြစ်သည်ဟုဆိုလိုသည်။

လူသည် မိမိကိုယ်အကြောင်းကို အခြားသူအကြောင်းထက် ပို၍သိနိုင်ပေသည်။ အခြားသူသည် မိမိအကြောင်း၊ မိမိအတွင်းသဘော၊ မိမိကွယ်ရာအဖြစ်အပျက်တို့ကို အလုံးစုံမသိနိုင်။ မိမိအကြောင်းကို အခြားသူနှင့်စာသော် မိမိအိပ်စက်သည့်ခေါင်းအုံးကသာလျှင် သိနိုင်ခွင့်ရှိပေသေးသည်။ ကွယ်ရာ၌ဖြစ်သောအကြောင်းကိစ္စကို အပြင်လူသက်သေပြနိုင်ဖွယ်ရာကားမရှိ။ သို့စေကာမူ အသက်မဲ့သော ခေါင်းအုံးသည် မျက်ရည်စိုစွတ်ရာ ဖြစ်၍လည်းကောင်း၊ အတွင်းသဏ္ဍာန်တွေးခေါ်စဉ်းစားမှုကြောင့် အိပ်ပျော်မပျော်စသည်ကိုလည်းကောင်း အနီးစပ်ဆုံးဆိတ်ငြိမ်ရာအဖော်အဖြစ်ဖြင့် သိနိုင်သူအဖြစ် သက်သေထူနိုင်ဖွယ်ရာရှိပေသည်။ ထို့ကြောင့် အခြားသူမသိနိုင်သော အကြောင်းကိစ္စမျိုးကို ပြောဆိုသည့်အခါ အခြားသူမသိမယုံနိုင်။ မိမိခေါင်းအုံးသည်သာ မိမိအတွင်းရေးကို အသိဆုံးဖြစ်သည်ဟုတစ်နည်း၊ မိမိကိစ္စကိုမိမိသာ အသိဆုံးဖြစ်၍ အခြားသူ မသိနိုင်ဟု ဆိုလိုရင်းဖြင့် ပုံခိုင်းသုံးသည်။

mgyoe.com

(နီးစပ်သော စကားပုံများ)
ကိုယ့်ဝမ်းနာ ကိုယ်သာသိ။
ငုံးဆူလူမသိ

## ကောက်ညှင်းက မစေး၊ ဆန်ကြမ်းက စေးသည်။

သဘာဝထုံးစံအတိုင်းဆိုပါမူ ကောက်ညှင်းသည် စေးသောဆန်မျိုးဖြစ်၍ ဆန်ကြမ်းသည် စေးကပ်ခြင်းမရှိပေ။ သို့ဖြစ်ပါလျက် ကောက်ညှင်းက စေးရမည်ကို ဆန်ကြမ်းကစေးနေသည်ဟု ဆိုလိုသည်။ ဖြစ်သင့်သောအရာက မဖြစ်ဘဲ မဖြစ်သင့်သော အရာက ဖြစ်နေသည့်အခါ သဘာဝပြောင်းလဲသည့်သဘောဖြင့် ပုံခိုင်း၍ ပြောသည်။ စင်စစ်အားဖြင့် ဆန်ကြမ်းသည် ကောက်ညှင်းထက် ပို၍စေးမည်ကား မဟုတ်ပေ။ သို့ရာတွင် မဖြစ်လာသည့် အရာကို ဖြစ်လာသည့်အနေမျိုးဖြင့် မဖြစ်စဖူး မဖြစ်သင့်ဘဲ ဖြစ်ပုံကို ထင်ရှားစေလို၍ဆိုသည်။

အရာဝတ္ထုနှစ်မျိုး ယှဉ်တွဲသုံးသပ်သောအခါတွင် သူ့သဘာဝနှင့်သူ ယှဉ်တွဲ၍ စဉ်းစားမြဲဖြစ်ပေသည်။ ယောကျ်ားနှင့်မိန်းမဖြစ်လျှင် ယေဘုယျအားဖြင့် ယောကျ်ားက အရပ်မြင့်သည်ဟု ယူဆပေသည်။ အကယ်၍ ယောကျ်ားက အရပ်နိမ့်နေလျှင် သဘာဝဆန့်ကျင်သည်ဟု ယူဆတတ်ကြပေသည်။ မိမိစရိုက် သဘာဝအားလျော်စွာ ယေဘုယျအတိုင်း မဖြစ်သင့်သောအရာ ဖြစ်ပေါ်ခဲ့လျှင် ထိုစကားပုံကို သုံးသည်။ ဖြစ်ရိုးဖြစ်စဉ်ဖြစ်တတ်သော အလေ့အထကိုသာ နှစ်သက်သောသဘောရှိသည်။ မိမိ ဖြစ်ရိုးဖြစ်စဉ်ထက် ပိုလွန်ခြင်းကို ရွံ့ရှာတတ်ကြသည်။

(နီးစပ်သောစကားပုံများ)
မြင်းကမလှုပ် ခုံကလှုပ်သည်။
ယုန်ကမတိုး ပိုက်ကတိုးသည်။
ကြက်တူရွေးကတော်တော် မယ်ဖော်ကကဲ။

## ကောက်နှောင်းလျှင် ဆင်စာ၊ သားနှောင်းလျှင် ကျွန်ရာ။

ကောက်စပါးပင်များကို မိုးဦးသင့်လျော်သောအချိန်၌ စိုက်ပျိုးနိုင်ခြင်းမရှိ၍ စိုက်ပျိုးချိန်နှောင်းပါက စပါးသီးနှံထွက်ချိန်တွင် လိုလိုကင်းကင်းနှင့် မအောင်မြင်ဖြစ်သဖြင့် လူတို့စားသုံးနိုင်လောက်အောင် ဆန်ကောင်းမရတော့ဘဲ ဆင်ကျွေးရန်သာ အသုံးကျတော့

mgpoem.com

သည်။ ထို့အတူပင် အရွယ်ကြီးရင့်မှ မွေးဖွားသော သားသမီးအငယ်အနှောင်းတို့သည်လည်း မိဘ၏ထူထောင်ပြုပြင်မှုကို ပြည့်ဝစွာမရဘဲ သူတစ်ပါးကျွန်အဖြစ် စေပါးခံ ရရှိမှုသာ ရှိတတ်သည်ဟူ၍ဆိုလိုသည်။

ကောက်ပင်သည် အသီးအနှံမှည့်ရင့်ချိန်အထိ ကောင်းစွာ ရှင်သန်ရန် ရေလိုသည့်အဆင့်၌ လိုသည်။ မြေစိုစွတ်သင့်သော အဆင့်၌ မြေစိုစွတ်ရန်လိုသည်။ ခြောက်သွေ့သောအချိန်၌ သွေ့ခြောက်ရန်လိုသည်။ ကောက်နှောင်းသောအခါ ရေလိုသောအချိန်၌ ရေမရ၊ မြေစိုသင့်သော အချိန်၌ မစိုဘဲ သွေ့ခြောက်၍ လိုအပ်သော အာဟာရမပြည့်ဝတော့သဖြင့် လှီကင်းညှံ့ဖျင်းရလေသည်။ အသက်အရွယ်ကြီးမှ နောက်ဆုံးမွေးဖွားလာသော သားသမီးတို့မှာလည်း ရှေးဦးသားသမီးတို့ ကြီးပြင်းလာသဖြင့် ပြုစုကျွေးမွေးရသော တာဝန်ကြီးလေးလာချိန်၌ မိဘသည်လည်း အသက်အရွယ်အိုမင်း၍ အလုပ်အကိုင်လျော့ပါးဆင်းရဲလာသည်သာများရာ ထိုအခါ၌ သားသမီးငယ်တို့သည် မိဘ၏ချီးမြှင့်မြှောက်စားခြင်းခံရခဲလေသည်။ ထို့ကြောင့် များသောအားဖြင့် အမှီအခိုအားအင်လျော့ပါးတတ်သဖြင့် ကျွန်ရာသွင်းရုံမျှသာရှိတော့သည်ဟု တင်စားဆိုသည်။

အရာရာတွင် လုံ့လဝီရိယရှိ၍ အခွင့်ဦးခြင်းသည် တစ်ပန်းသာမြဲဖြစ်သည်။ နောက်ကျခြင်းသည် အကျိုးပျက်စီးဆုံးပါးရတတ်သည်။ ထို့ကြောင့် အချိန်အခွင့်ကို အသင့်မီအောင်အားထုတ်ကြိုးပမ်းသင့်သည့်အတိုင်း နောက်ကျလျှင် ဆုံးရှုံးနစ်နာရတတ်ကြောင်းကို ပုံခိုင်း၍ဆိုသည်။

**(နီးစပ်သောစကားပုံများ)**

အလာနှေး နွားချေးနှင့် သလဲသာကျန်သည်။

အလာကောင်းသော်လည်း အခါနှောင်းသည်။

## ကောက်ရိုးနှင့်လဲ အိုးကွဲ။

အဖိုးမတန်လှသော ကောက်ရိုးနှင့်လဲလှယ်၍ရသောအိုးမှာ အိုးကောင်းမဖြစ်နိုင်။ အိုးကွဲသာ ဖြစ်စရာအကြောင်းရှိသည်။ အိုးကောင်းလျှင်လည်း ကောက်ရိုးမျှနှင့်ကားလဲချေမည်မဟုတ်ဟုဆိုလိုသည်။

အိုးရမည်ဆို၍ ကောက်ရိုးနှင့်လဲသူမှာ သူရသောအိုးသည် အိုးကောင်းဟုပင် ထင်မှတ်ပေမည်။ သို့ရာတွင် အိုးကိုစစ်ဆေးကြည့်သောအခါ အိုးကွဲဖြစ်မှန်း သိရသည်။ အိုးရှင်ကိုအိုးကွဲနေကြောင်းပြောပြသော် အိုးကွဲဖြစ်၍သာ ကောက်ရိုးနှင့်လဲသည်။ အိုးကောင်းဖြစ်

mgyoe.com

သော် ကောက်ရိုးနှင့်အဖိုးဖြတ်၍ လဲမည်မဟုတ်ဟုဆိုသည်။

မည်သူမဆို မိမိကစွန့်လွှတ်သော လုပ်အား၊ ပစ္စည်းတန်ဖိုးအလျောက် ထိုတန်ဖိုးနှင့်ညီမျှသော အကျိုးကျေးဇူးကိုသာ မျှော်လင့်နိုင်မည်။ မိမိကပို၍ အကျိုးအခွင့်ရရန် မျှော်လင့်ခြင်းမှာ တရားနည်းလမ်းမကျချေ။ တုံ့ပြန်မှုသည် အမြဲသဖြင့် အားအင်ချင်း တူမျှကြောင်းကို သိပ္ပံပညာရှင်များကလည်း ဖော်ထုတ်ခဲ့ကြပြီးဖြစ်သည်။ မကောင်းပြုလျှင် မကောင်းကျိုးသာဖြစ်မည်။ အကောင်းပြုမှ ကောင်းကျိုးဖြစ်နိုင်မည်ဟူသော သဘောကိုပုံခိုင်း၍ဆိုသည်။

**(နီးစပ်သောစကားပုံများ)**

သူ့အိုးနှင့်သူ့ဆန် တန်ရုံ။

အဖိုးနည်းအိုးကွဲ။

## ကောက်သင်းကောက်သူက အနှံကြီးကြီးကြိုက်။

ကောက်သင်းကောက်သူသည် လယ်ယာရှင်က ကောက်လှိုင်းများ ရိတ်သိမ်းသယ်ယူသွားကြပြီးနောက် စွန့်ပယ်သော လယ်ယာ၌ ကြွင်းကျန်သော ကောက်နှံအပိုင်းအစ၊ အလှီအကင်း၊ အကြွေအပြတ်ကလေးများကို စုဆောင်းကောက်ယူရသူ ဖြစ်သဖြင့် အနှံကောင်း အနှံကြီးများ ရရှိလိမ့်မည်ဟု မျှော်လင့်ဖွယ်ရာမရှိ ဖြစ်ပါလျက်၊ ထိုသို့ အနှံအကြွေအပြတ် ကောက်ယူရသူက အနှံကြီးကြီးမှ လိုချင်မက်မောနေခြင်းကို ဆိုလိုသည်။

မိမိအင်အား စွမ်းရည် အခွင့်အလမ်းနှင့် လျော်စွာသာလျှင် အကျိုးကျေးဇူးကို မျှော်မှန်းရမည် ဖြစ်ပါလျက် မိမိမမျှော်မှန်းသင့်၊ မျှော်မှန်း၍ မရစကောင်းသောအရာကို မျှော်မှန်းမက်မောနေခြင်းသည် မဆီမလျော် အကျိုးမရှိဖြစ်ကြောင်းကို သတိပေးသည်။ ကောက်သင်း ကောက်ရပါလျက် အနှံကြီးကြီး ကြိုက်နေခြင်းကိုလည်း ရွတ်ချသရော်၍ အပြစ်တင်သည့်သဘောရှိသည်။ လူတချို့သည် မိမိနှင့် အင်မမျှသော အရာကိုမှ မျှော်လင့်နေတတ်ကြသည်ဟူသော သဘောကိုလည်း သရော်တင်ပြသည်။ ကိုယ်နှင့် တန်ရာမျှနှင့် တင်းမတိမ်နိုင်သူများအား ကဲ့ရဲ့သတိပေးခြင်းလည်း ဖြစ်သည်။

**(နီးစပ်သော စကားပုံများ)**

အကျည်းတန်မှန်ကြိုက်၊

မပြည့်သည့်အိုး ဘောင်ဘင်ခတ်သည်၊

နောက်မှ မွေးသူကို မိဦးမှည့်ချင်၊

mgyoe.com

mgyoe.com

ဆန်မရှိမှ အစားကြီးသည်၊
အရုပ်ဆိုးသူက လှသူကိုလိုချင်သည်၊
ကောက်ရိုးနဲ့လဲ အိုးကွဲ၊ .
ငွေတစ်ပဲနှင့် ငါးကြင်းခေါင်းကိုင်ချင်။

## ကောင်းမှန်းသိ သာအိတစွပ်စွပ်။

အကောင်းအဆိုးမသိမီက မမက်မော မနှစ်သက်သော်လည်း ကောင်းမှန်းသိလာသောအခါ ကြိုက်သည်ထက် ကြိုက်၍ ပိုမိုလွန်ကဲတပ်မက်သည်ကို ဆိုလိုသည်။

သာအိ အမည်ရှိသော သူငယ်သည် မူလက ဝက်သားကို မကြိုက်ချေ။ သို့ရာတွင် အမှတ်မထင် ဝက်သားကို စားမိ၍ အရသာကို သိသွားသောအခါ ကြိုက်နှစ်သက်လှဖြင့် အိုးကို ခဏခဏဖွင့်ကာ စွပ်ကယ် စွပ်ကယ် စားသောက် နေလေတော့သည်။ ထိုကြောင့် ကောင်းမှန်သိ သာအိတစွပ်စွပ်ဟူ၍ ပုံခိုင်းဆိုသည်။ ယခုသော် ကောင်းမှန်းသိ သာအိ တစိုစိုဟူ၍ ဆိုနေကြသည်။

အခွင့်အရေးရမှန်းသိလျှင် ပို၍ပို၍ ထပ်တလဲလဲ ရချင်တတ်သောသူများအား ရှုတ်ချ၍ဆိုသည်။ အခွင့်အရေးဟူသည် ရသင့်ယူသင့်သလောက်သာ ယူအပ်သည်။ ရလေတိုင်း အခါခါယူလျှင် လူရွံမုန်းစရာသာဖြစ်မည်။ မည်သည့်အရာကိုမဆို အလိုကို လိုက်မှား၍ စိတ်အလိုကိုမထိန်းသိမ်းဘဲ အကျူးအလွန် အပိုအမိုမပြုမူ မကျူးလွန်အပ်ကြောင်းကို ပုံခိုင်း၍ဆိုသည်။

ဤစကားပုံမျိုးတွင် နေ့ရက်၊ နေရာ၊ ဝတ္ထုကြောင်းတိတိကျကျ အမှတ်အသား မကြွင်းကျန်ခဲ့ချေ။ စကားပုံ၌ ကျန်ခဲ့သော ဇာတ်ကြောင်းသဘောကို ထောက်ဆ ပြန်လှန်၍ ဖြစ်သင့် ဖြစ်အံ့နိုးသော နောက်ခံအကြောင်းကို ဖော်ယူ၍ သိသာအောင်ပုံဆောင် ရှင်းပြခြင်းဖြစ်ရာ စကားပုံရင်းမြစ်ပုံပြင်များကို ကြံဆရာ၌ ဒဏ္ဍာရီ၊ နိပါတ်၊ ရာဇဝင် အထောက်အထားမရှိရာ၌၊ ပုဂ္ဂိုလ်တစ်ဦးနှင့်တစ်ဦး ပုံဆောင်ပုံချင်း ကွဲပြားချင်သလောက် ကွဲပြားဖွယ်ရှိသည်။ မည်သို့ပင်ဖြစ်စေ အဓိပ္ပာယ်ရင်းကား တူညီကြမည်သာ ဖြစ်ပေသည်။

(နီးစပ်သော စကားပုံများ)
ရလေလိုလေ အိုတဏှာ၊
မောင်ကျန်တစ်တို့၊

mgyoe.com

mgyoe.com

**ကုန်ရှုံးတစ်ခေါက်၊ လင်ကုန်ရှုံးက တစ်သက်လုံးမှောက်၊ ဆရာရှုံးလျှင် တစ်သံသရာလုံးမှောက်သည်။**

ကုန်သွယ်သူသည် ကုန်စည် အမျိုးအစားနှင့် ပေါက်ဈေး အတွက်အချက်မှားလျှင် ဖြစ်စေ၊ အခြေအနေအရ စရိတ်ပိုမိုကုန်ကျခြင်း၊ ဈေးကျခြင်း၊ ကုန်စည်ပျက်စီးခြင်း စသည်တို့ကြောင့်ဖြစ်စေ အရှုံးပေါ်လျှင် တစ်ခေါက်အတွက်သာရှုံးပေမည်။ နောက် တစ်ခေါက်တွင် မြတ်ကောင်းမြတ်နိုင်စရာရှိသည်။

အိမ်ထောင်ပြုရာတွင် ကောင်းမွန်စွာ အသက်မွေးဝမ်းကျောင်းပြု၍ လုပ်ကိုင်ကျွေး မွေးသော အိမ်ရှင် လင်ယောကျ်ားမျိုးကိုမရဘဲ အလုပ်အကိုင်မလုပ်ချင် ပျင်းရိ ညံ့ဖျင်း ရုံသာမက မကောင်းမှုများဖြင့် သုံးဖြုန်းကာ နှိပ်စက် ရိုက်နှက်တတ်သော လင်ဆိုးနှင့် ကြုံရမည်ဆိုလျှင်မူကား တစ်သက်တာလုံးအတွက် မှောက်မှားခြင်းဖြစ်၍ ပြုပြင်ရန် ခက်ခဲ စေတော့သည်။

ထိုမှတစ်ပါး တရားစစ်တရားမှန်ကို ညွှန်ပြနိုင်မည်အထင်ဖြင့် ဆရာအမှတ်ပြုကာ ဆည်းကပ်နည်းခံရာတွင် ဆရာကောင်းဆရာမြတ်မဟုတ်ဘဲ တရားစစ်တရားမှန်မသိဘဲ အကျင့်အယူ မှားယွင်းစွာ ဟောပြောညွှန်ပြခြင်းခံရပါမူ သံသရာမှ ထွက်မြောက်နိုင်ခြင်း မရှိဘဲ သံသရာဘဝရှည်လျား သံသရာဘဝအဆက်ဆက် မှောက်မှားစရာသာဖြစ်ချေမည် ဟုဆိုလိုသည်။

မှားယွင်းနစ်နာမှုသည် အကြောင်းကိစ္စလိုက်၍ ဆုံးရှုံးမှုသေးငယ်သောအရာလည်း ရှိသည်။ ကြီးမားသော အရာလည်း ရှိသည်။ အနည်းအပါးဆုံးရှုံးမှုမှာ မထောင်းတာ သော်လည်း ကြီးမားသောဘဝတစ်လျှောက်လုံးအတွက် ထိခိုက်နိုင်သဖြင့် ဆုံးရှုံးရမည့် အကျိုးအပြစ်ပမာဏကို ချင့်ချိန်တွက်ဆ၍ ဆုံးရှုံးနစ်နာမှုမရှိအောင် သတိချပ်ကြစေရန် ပုံခိုင်းသုံးနှုန်းသည်။

**(နီးစပ်သောစကားပုံများ)**

သူဌေးသင်္ဘောပျက်က ကိစ္စမရှိ၊ ဆင်းရဲသား ဆန်ဆေးပလုပ်ပျောက်သည်က အရေး ကြီးသည်။

ဆေးသမားမထောင်းတာ လူနာမခံချိ၊

ဆင်မှာသေးကွက် ပုရွက်ဆိတ်ပင်လယ်။

mgyoe.com

mgyoe.com


## ကျားကိုလည်းကြောက်ရ၊ ကျားချေးလည်းကြောက်ရ။

ကျားကောင်ကိုတွေ့မှသာ အန္တရာယ်ကြောက်ရသည် မဟုတ်၊ ကျားချေးကိုတွေ့သော် ကျားနှင့်နီးကပ်နေပြီဟု သိရှိရသဖြင့် ကျားချေးကိုပါ ကြောက်ရသည်ဟု ဆိုလိုသည်။

ဖိစီးနှိပ်စက်တတ်သော အင်အားအရှိန်အဝါရှိသူကိုသာ ကြောက်ရသည်မဟုတ်၊ ထိုသူ၏ အရှိန်အဝါဖြင့် ဝင့်ထည်နေသော တပည့်တပန်း အဆွယ်အပွားကိုပါ ကြောက်ရသည့် အခါမျိုးတွင် အားလုံးကို ကြောက်ရသည်ဟူသော သဘောဖြင့်သုံးသည်။ အင်အားစုနှစ်ဖက်ကြားတွင် နှစ်ဖက်စလုံးကြောက်ရသည်ကိုလည်း ရည်ရွယ်၍ သုံးနှုန်းသေးသည်။

**(နီးစပ်သောစကားပုံ)**

ရှေ့တိုးထမ်းပိုး၊ နောက်ဆုတ်လှည်းတုတ်။

## ကျားကိုက်လို့သေပါတယ်ဆို၊ နာတာရှည်လားမေး။

လူတစ်ယောက်ကျားကိုက်၍ သေဆုံးကြောင်းကို ရှင်းပြပြီးဖြစ်ပါလျက် နားထောင်သူက သေဆုံးသူမှာ နာတာရှည်ရောဂါ ခံစားသွားသလားဟု မေးစရာမလိုသည့် မေးခွန်းကို မေးနေသေးသည်ဟု ဆိုလိုသည်။

အနာရောဂါတစ်ခုခုနှင့် သေသည်ဟုဆိုလျှင် နာတာရှည်လားဟု မေးနိုင်သေး၍ ကျားကိုက်၍ လတ်တလော သေသည်ဆိုပါလျက် ထိုမေးခွန်းကို မေးသည်မှာ မလိုသော မေးခွန်းကိုမေးခြင်းပင် ဖြစ်သည်။ ထိုနည်းတူ သေချာစွာဖော်ပြပြီး စောဒကဝင်စရာ မလိုသော ကိစ္စကို ထပ်ဆင့်၍ မေးနေသောအခါ မေးစရာမလိုတော့ဟု ဆိုသည့် သဘောဖြင့် ထိုစကားပုံကိုသုံးသည်။

တချို့က ကျားကိုက်ပါတယ်ဆို၊ အပေါက်ကလေးနဲ့လားမေးသည်ဟု သုံးနှုန်းသည်။ ကျားကိုက်သည်ဆိုလျှင် ကြီးမားချွန်ထက်သောအစွယ်သည် အသားထဲသို့ ထိုးပေါက်ဝင်မည်မှာ မေးစရာမလိုဘဲ တစ်ဆက်တည်း စဉ်းစားသိနိုင်သည်ဟု ဆိုလိုသည်။

**(နီးစပ်သောစကားပုံများ)**

ကျားကိုက်ပါတယ်ဆို၊ အပေါက်ကလေးနဲ့လားမေး။

ငရုတ်သီးပါဆို စပ်ကဲ့လားမေး။

ကြိုးကြာဆို ဘာငှက်လဲမေး။

mgyoe.com

mgyoe.com

## ကျားကျား-မီးယပ်။

လူနာမှာ ယောကျ်ားဖြစ်ချင် ဖြစ်ပေစေ၊ မီးယပ်နာမှ မီးယပ်နာ၊ တခြားရောဂါဟု ပြင်ပြောစရာမရှိဟု ဆိုလိုသည်။

သမားတစ်ယောက်သည် စောင်ခြုံထားသော လူနာကို သွေးစမ်းပြီးနောက် မီးယပ်နာဟု အမည်တပ်လေသည်။ လူနာရှင်က လူနာမှာ ယောကျ်ားဖြစ်ကြောင်း ထောက်ပြောသော်လည်း ဆရာက မိမိအမှားကို မပြင်ဘဲ ဇွတ်ထိုး၍ ကျားချင်ကျား၊ မီးယပ်မှ မီးယပ်ဟူ၍ပြောလေသည်။ အမှားကို အခြားသူက သတိပေး၍ သိရသော်လည်း မပြုပြင် အမှားကို ဇွတ်လိုက်သူများ၊ ရှေ့နောက်မညီသော်လည်း အလျှော့မပေး၊ ဝန်မခံဘဲ ဆက်၍ မိုက်မှားကာ တစ်ဇွတ်ထိုး လုပ်တတ်သူများ၊ ယုတ္တိရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မိမိစကားကိုသာ အနိုင်ဖြစ်လိုသူများကို ပုံခိုင်း၍ပြောသည်။

**(နီးစပ်သော စကားပုံများ)**

တစ်တက်စားလည်းကြက်သွန်၊ နှစ်တက်စားလည်းကြက်သွန်။

ပေါက်တဲ့နဖူး မထူးပါ။

## ကျားကြီးသော် ခြေရာကြီးသည်။

ကျားအကောင်ကြီးလျှင် ကျားအရွယ်နှင့်လိုက်အောင် ခြေရာကလည်း ကြီးသည်ဟု ဆိုလိုသည်။

အရာအထူး၊ အခြေအနေ၊ ဝင်ငွေစသည် တိုးတက်လာသောအခါ သက်သာချောင်ချိမည်ဟု ထင်မှတ်ရစေကာမူ၊ တာဝန်အကျပ်အတည်း၊ အသုံးစရိတ်စသည်တို့မှာလည်း အချိုးကျ တိုးတက်လာတတ်သည်သာဖြစ်၍ အခွင့်အလမ်းနှင့် တာဝန်သည်လည်းကောင်း၊ အရနှင့်အသုံးသည်လည်းကောင်း လိုက်ဖက်ညီစွာ တိုးတက်လာတတ်သည့်သဘာဝကို ဖော်ပြသည်။

**(နီးစပ်သောစကားပုံများ)**

ရေမြင့်လျှင် ကြာမြင့်သည်။

## ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီးကျားထက်ဆိုး။

ကျားကိုကြောက်သဖြင့် တောစောင့်နတ်အရှင်ကြီးကို အားကိုးပူဇော်ပါမှ တောစောင့်နတ်က ဖမ်းစားသဖြင့် ကျားထက်ပင်ပို၍ ဆိုးနေသည်ဟု ဆိုလိုသည်။

mgyoe.com

သက်သာရာရအောင် ပြုလုပ်သော အလုပ်မှာ မသက်သာဘဲ ပို၍သာ ဆိုးဝါးတတ်သောအခါ သုံးနှုန်းသည်။ သက်သာအောင် ကယ်ဆယ်မည်၊ ကူညီမည်ဆိုသူမှာ ပို၍ပင် ဒုက္ခပေးတတ်သေးသည်ကို သတိပေးသည့်အနေနှင့်လည်း သုံးသည်။

**(နှီးစပ်သောစကားပုံများ)**

မြို့အုပ်မင်းစောင်မမှ ထောင်သုံးလကျ။

ဖွပ်ခါမှပိုညစ်။

အေးစေလိုလို့ တရားနာ၊ ပူဇာစအကျိုး။

မြက်မြက်စားရအောင် ဆိုင်းထဲလိုက်မှ၊ နဲ့ခွက် တက်နင်းမိ၍လျော်ရ။

အရင်ဆရာတစ်ချက်ခေါက်၊ နောက်ဆရာနှစ်ချက်ခေါက်။

## ကျားနေမြပိုနေမြ။

ကျားလည်းကျားနေရာ၊ မောင်ပိုလည်း မောင်ပိုနေမြဲနေရာ၊ အသီးသီး မူလအတိုင်း ပင်ရှိသည်ဟု ဆိုလိုသည်။

ကျားကိုလှောင်အိမ်မှဖွင့်ပေးသော မောင်ပိုကို ကျားက စားသင့်သည်ဟုဆိုရာ၌ ယုန်က ဖျန်ဖြေရာတွင် မူလအတိုင်းပြန်၍ နေပြန်ရန် ပြောကြားပြီး ကျားကို မူလလှောင်အိမ်၌ ပိတ်ထားခဲ့၍ မောင်ပိုလည်း လယ်ထွန်မြဲထွန်နေစေဟု ဆုံးဖြတ်ပေးသည့်ပုံပြင်မှ စကားဖြစ်သည်။ မူလရင်းစား အခြေအနေမှ မတိုးမလျှော့ရှိနေသည့်အခါတွင် သုံးနှုန်းသည်။

**(နှီးစပ်သောစကားပုံ)**

ဒုံရင်း ဒုံရင်းချည်း။

## ကျားသနားမှ နွားချမ်းသာ။

ကျားလက်တွင်းသို့ ရောက်သော နွားသည် ကျား၏ကိုက်သတ်ခြင်းကို မလွဲမသွေ ခံရတော့မည်ဖြစ်ရာ ကျားက သနား၍ လွှတ်ပါမှသာ နွားအဖို့ ချမ်းသာစရာလမ်းရှိတော့သည်ဟုဆိုလိုသည်။ ကျားဟူသည်မှာ နွားအပေါ်၌ သနားသည်ဟူ၍မရှိလေရာ ချမ်းသာရဖို့လမ်းမှာ မျှော်လင့်ချက်ရှိမည်လိုနှင့် ဝေးလှသည်ဟု ဆိုလိုသည်။

လူတစ်ဦး၏ ကံကြမ္မာကို မိမိဘာသာ မဖန်တီးနိုင်ဘဲ အခြားသူတစ်ဦးက ချုပ်ကိုင်ခြယ်လှယ်၍ ထိုသူ၏စိမ်ဖန်တီးချက်အတိုင်း ဖြစ်တည်ရသည့်အခါ၊ တစ်ဖက်က အင်အားဖြင့် လွှမ်းမိုးခြယ်လှယ်ခြင်းကို ခံနေရသည့်အခါမျိုးတွင် သုံးနှုန်းသည်။

mgyoe.com

(နီးစပ်သောစကားပုံများ)
အရုပ်လို ကြိုးဆွဲရာ ကရသည်။
လက်ခုပ်ထဲကရေ၊ သွန်လိုသွန် မှောက်လိုမှောက်။
သူပြုသလို နရသည်။

## ကျီးကိုဘုတ်ရိုသေမှ ဘုတ်ကိုကျီးရိုသေမည်။

ကျီးနှင့် ခင်ပုတ်(ဘုတ်)ငှက်သည် အချင်းချင်းရန်ငြိုးပြုခဲ့ကြရာ နှစ်ဦးစလုံး ရန်စွယ်ပွား၍ တစ်ဦးကိုတစ်ဦး လေးစားကြည်ညိုစိတ်ကင်းမဲ့ပါက ရန်မီးမငြိမ်းဘဲ ကျန်တစ်ဦးကလည်း တုံ့ပြန်၍ လေးစားကြည်ညိုမည်မဟုတ်ဟု ဆိုလိုသည်။

ကျီးသည် နေ့ငှက်ဖြစ်၍ ညငှက်ဖြစ်သော ခင်ပုတ်ကို လိုက်လံရှာဖွေ ထိုးဆိတ်သည်။ ခင်ပုတ်သည် ညဥ့်ငှက်ဖြစ်၍ ညအခါ ကျီးသိုက်ကို ထိုးဆိတ်ဖျက်ဆီး ရန်ပြုသည်။ ထိုရန်စသည် အပြန်အလှန်ဖြစ်၍ ရန်မီးမငြိမ်းချေ။ ထိုနည်းတူ လူနှစ်ဦးဆက်ဆံရာတွင် တစ်ဦးက ကျန်တစ်ဦးကို လေးစားရိုသေမှသာ ကျန်တစ်ဦးကလည်း အပြန်အလှန် လေးစားရိုသေမည်ဟု မည်၍ဆိုသည်။

## ကျီးကန်းသူကောင်းမြှောက်၊ ချေးခြောက်ကောက်စားသည်။

ကျီးသတ္တဝါကို ငှက်တို့ အသင်းအပင်းတွင် အကြီးအကဲအဖြစ် မြှောက်စားထားသော်လည်း ကျီးတို့၏ သဘာဝအတိုင်း ချေးခြောက်ကိုတွေ့သောအခါ မချုပ်တည်းနိုင်ဘဲ ကောက်စားသည်ဟုဆိုလိုသည်။

သတ္တဝါတို့သည် မိမိပင်ကိုဗီဇကို ဖျောက်နိုင်ခဲသည်။ အခြေအနေဂုဏ်ဒြပ်ကြီးမြင့်အောင် မြှောက်စားခြင်းခံရစေကာမူပင်ကိုချို့တဲ့သော စရိုက်အလေ့အလာတို့သည် ပေါ်မြဲပေါ်နေတတ်သေးသည်။ ထို့ကြောင့် မြင့်မားသည့်အခြေအနေနှင့် မလျော်သော အပြုအမူကို ပြုမူသည်ဟူ၍ ပုံခိုင်းဆိုသည်။ ချီးမြှင့်မြှောက်စားပါမှ မူလက အထင်ကြီးသကဲ့သို့ မဟုတ်ဘဲ ညံ့ဖျင်းနေသည့်အခါတွင်လည်း သုံးနှုန်းသည်။ ကျီးကဲ့သို့သော ဗီဇညံ့သည့်သူမျိုးကို မမြှောက်စားထိုက်။ မြှောက်စားလျှင်လည်း ကျီးကဲ့သို့ ယုတ်ညံ့သောအပြုအမူကိုပင် ပြုမူလိမ့်မည်ဟု သတိပေးရာတွင်လည်း သုံးနှုန်းသည်။

mgyoe.com

 mgyoe.com


(နီးစပ်သောစကားပုံများ)

ခွေးကလေးအရောဝင် ပါးလျက်၊ နားလျက်။

နတ်ရှုးဘုံမြှောက်။

ရေမရှိသည့်အိုး ဘောင်ဘင်ခတ်သည်။

## ကျူပြင်ခုတ်၊ ကျူငုတ်မှမကျန်ရ။

ကျူပြင်ကို ဖယ်ရှင်းခုတ်ထွင်သည်ဆိုလျှင် ကျူအငုတ် တစ်ခုတလေမျှ မကျန်စေရအောင် ခုတ်ထွင်ရှင်းလင်းရမည်ဟု ဆိုလိုသည်။

ကျူပြင်သည် အငုတ်မှ အညှောက်သစ် အစို့သစ်များပေါက်ကာ ပြန်၍ ဝေစည်ကြီးပွားရှင်သန်တတ်သော အပင်မျိုးဖြစ်သဖြင့် ကျူပြင်ကို အလိုမရှိလျှင် အငုတ်ပါမကျန်ရှင်းခုတ်ပစ်မှ ကျူမျိုး ပြုတ်နိုင်သည့်အတိုင်း မလိုလား၍ ဖျက်ဆီးရှင်းလင်းသောအရာတို့တွင် တစ်ဖန်ပြန်၍အစထွက်ကာ အန္တရာယ်ကိုဖြစ်စေမည့်အရေးကို ကြိုတင်တားဆီးသောအားဖြင့် ပြီးပြီးပြတ်ပြတ် အစမကျန်အောင် ရှင်းလင်းပြီးပြတ်စေရမည်ဟု သတိပေးနိုင်းနှိုင်းသည်။

(နီးစပ်သောစကားပုံများ)

ချစ်လုံးလုံး၊ မုန်းလျားလျား။

မစားလျှင်အလျှင်း၊ စားလျှင်ဆီထမင်း။

## ကျေးဇူးမတင် လင်မရ၊ ကျေးဇူးတင်ရမှ လင်ရသည်။

သူတစ်ပါးကျေးဇူးကို သိတတ်မှ လင်ကောင်းရသည်။ ကျေးဇူးကန်းတတ်သူသည် လင်ကောင်းမရနိုင်ဟု ဆိုလိုသည်။ လင့်ကျေးဇူးကိုသိတတ်မှသာ လင်ရကျိုးနပ်သည်။ ကျေးဇူးမသိတတ်က လင်ရကျိုးမနပ်ဟူ၍လည်း ဆိုသည်။

(အချို့က မိန်းမတစ်ခုတစ်ယောက်သည် ကျေးဇူးကိုမိမိကိုယ်ဖြင့် ပြန်၍ ဆပ်မိသောကြောင့် ကျေးဇူးမတင်မိခဲ့လျှင် လင်ရမည်မဟုတ်။ ကျေးဇူးတင်မိခါမှ လင်ရလေတော့သည်ဟု မှတ်ယူတတ်ကြသည်။ ကျေးဇူးတင်မိသည့်အတွက် မှားသည်ဟု ဆိုရာရောက်၍ အသုံးလွဲနေကြသည်။)

mgyoe.com

mgyoe.com

## ကျောချမှဓားပြမှန်းသိ။

အိမ်ပေါ်တက်လာသူကို ဧည့်ကောင်းဟုပင် ထင်မှတ်နေရာမှ တက်လာသူက အိမ်ရှင်၏ ကျောကိုချ၍ ငွေတောင်းသည်တွင်မှ ဓားပြဖြစ်မှန်းသိရတော့၍ အကူအညီတောင်းရန် နောက်ကျပြီး ဓားပြတိုက်ခံလိုက်ရသည်ဟု ဆိုလိုသည်။

အမှား သို့မဟုတ် အန္တရာယ်ကို ပြုပြင်တားဆီး၍ မရလောက်အောင် နောက်ကျပြီးသည့်နောက်မှ သိမြင်နားလည်ရခြင်းမှာ ထိခိုက်နစ်နာစေသည်သာ ဖြစ်သည်။ ထိုသို့ အသိနောက်ကျခြင်း၊ အန္တရာယ်ကိုဆိုက်ရောက်လာမှသတိပြုမိခြင်း စသည်တို့မှာ ကြိုတင်ဆင်ခြင်သိမြင်သင့်လျက် မသိမြင်ခြင်း၏ အပြစ်ဖြစ်ကြောင်းကို အပြစ်တင်သောအားဖြင့် သုံးနှုန်းသည်။

**(နီးစပ်သောစကားပုံများ)**

ရောမှောက်လျက်ပေါ်မှ လှေပေါက်မှန်းသိ။

သုံးတုံးကုန်မှ ဆိတ်ချေးမှန်းသိ။

## ကျော်တော့လှေထိုးသား ညားတော့လှေသူကြီး။

လှေသို့မကြာခဏ ဝင်ထွက်နေသော ဈေးသည် မိန်းကလေးတစ်ယောက်၏ သတင်းကို စုံစမ်းသောအခါ လှေထိုးသားတစ်ယောက်နှင့် ချစ်ကြိုက်နေသယောင် သတင်းပျံ့နှံ့ကျော်ကြားလာသော်လည်း လူသိနတ်ကြား ညားသောအခါမှ လှေသူကြီးနှင့် ချစ်ကြိုက်နေခဲ့ခြင်းဖြစ်ကြောင်း သိရသည်ဟု ဆိုလိုက်သည်။ လှေထိုးသားနှင့် ငြိတွယ်သည်ဟု နာမည်ထွက်သော်လည်း၊ အမှန်စင်စစ် လှေထိုးသားကမရ၊ လှေသူကြီးကသာ ရသည်ဟူ၍လည်းကောင်း၊ နာမည်ထွက်စဉ်က ကြိုက်သူမှာ လှေထိုးသားဖြစ်၍ တကယ်လက်ထပ်ယူသူမှာ လှေသူကြီးဖြစ်သည်ဟူ၍လည်းကောင်း၊ နာမည်ထွက်နေသူနှင့်မညား၊ လူမသိမထင်သော သူနှင့်သာ ညားသည်ဟူ၍လည်းကောင်း အဓိပ္ပာယ်ရောက်သည်။

လူအများ ထင်သည်နှင့် တကယ်ဖြစ်ပျက်မှုမှာ ခြားနားကြောင်းကို ဖော်ပြလိုသည့်အခါတွင် ထိုစကားပုံကို သုံးသည်။

**(နီးစပ်သောစကားပုံ)**

ကြည့်တော့ဆင်၊ မြင်တော့ထီး။

mgyoe.com

ထင်သာထင်၊ မဝင်ဘူးကျောင်းအမ။
ယုန်ထောင်၊ ကြောင်မိ။
ခုတ်ရာတခြား၊ ရှရာတလွဲ။

## ကြာကြာဝါးမှ ခါးမှန်းသိ။

အခါးပါသော အချိုအစားအစာတို့ကို ကြာရှည်ဝါး၍ စားသောအခါမှ အခါးအရသာပါမှန်းကို သိမြင်လာရသည်ဟု ဆိုလိုသည်။

လူတို့၏သဘာဝသည် အပေါ်ယံ ဟန်ဆောင်မှုရှိတတ်၍ ထိုဟန်ဆောင်မှုသည် အမြဲတစေ နဂိုဗီဇကို ဖုံးကွယ်နိုင်စွမ်း မရှိတတ်ပေ။ စိတ်တိုသူက စိတ်ရှည်ဟန်ဆောင်သော်လည်း ကြာသော် စိတ်တိုသောအသွင် ပေါ်လာနိုင်သည်။ ထို့ကြောင့် ခေတ္တခဏဆက်ဆံသည်ထက် ကြာရှည်လေးမြင့် ဆက်ဆံလာသောအခါတွင် အတွင်းသဘောမှန်ကို ရိပ်စားသိမြင်လာ၍ အချိန်ကြာလေလေအတွင်းသဘောသိလေလေဖြစ်သည်။ ထိုအခါမျိုးတွင် ခဏဝါးရုံနှင့် ခါးမှန်းမသိ၊ ကြာကြာဝါးမှ ခါးမှန်းသိသည်ဟု ပုံခိုင်းပြောကြသည်။

**(နီးစပ်သောစကားပုံများ)**

ဘုရားမှတ်လို့ ကိုးကွယ်ပါ၊ ဖွတ်ထွက်မှတောင်ပို့မှန်းသိ။
တစ်သက်လုံးဖုံးသမျှ ကုန်းတော့မှပေါ်။

## ကြာရှည်ဝါးမည့်သွား အရိုးကြည့်ရှောင်။

တစ်သက်ပတ်လုံး စားသောက်ရာ၌ ကြိတ်ဝါးအသုံးချမည့် မိမိသွားများသည် မာသောအရိုးကို ဝါးမိခြင်းဖြင့် ကျိုးပဲ့မည့်အန္တရာယ်ကို ရှောင်ရှားရမည်ဟု ဆိုလိုသည်။

ဘဝသည် လူတို့အတွက် မွန်မြတ်ဆုံးသော အခွင့်အရေးဖြစ်၍ ဘဝသက်ဆုံး အသက်ရှည်နေနိုင်ရန်အတွက် အသက်နှင့်ကိုယ်စိတ်ချမ်းသာမှုကို အန္တရာယ်ဖြစ်စေမည့် အတားအဆီး အခက်အခဲများကို လွတ်ကင်းအောင် ရှောင်ကြရသည်။ သို့မဟုတ်ပါက အသက်တမ်းမဆုံးမီ ခရီးအဆစ်အပိုင်းတွင် ဘေးဒုက္ခများ တွေ့ကြုံရတတ်ပေသည်။ ထို့ကြောင့် ခေတ္တခဏ အကျိုးငှာသာ မဟုတ်ဘဲ ရေရှည်မျှော်မှန်းသော ကိစ္စများတွင်ပါ ရည်မှန်းသော လမ်းဆုံးသို့ရောက်နိုင်အောင် အန္တရာယ်ကို ရှောင်ရှားရမည်ဟု ပုံခိုင်းဆိုသည်။

mgyoe.com

mgyee.com

(နီးစပ်သောစကားပုံ)

လက်ဖက်ကောင်းစားချင် ပလောင်တောင်တက်နေး။

မြားဖြောင့်စေလိုလျှင် လေးညှို့မရွေ့စေနှင့်၊

**ကြံကိုအရင်း၊ ဆန်ကိုဆန်ရင်း၊ လူကိုလူရင်း။**

ကြံသည် အရင်းဘက်ကသာ ပို၍အရသာလေးပင်သည်၊ ဆန်မှာ ဆန်ရင်းကသာ အဆီအနှစ်ပြည့်ဝသည်။ ထိုနည်းအတူပင် လူမှာလည်း သွေးသားရင်းချာ သူသာလျှင် ပို၍ မှီခိုအားထားလောက်သည်ဟု ဆိုလိုသည်။

ကြံ၏အဖျားသည် အရာပေါ့၍ ပယ်သကဲ့သို့၊ ဆန်ကွဲသည် အရသာ မလေးနက်၍ ပယ်သကဲ့သို့ သွေးစိမ်းသူကိုလည်း စိတ်မချ၍ မယုံမကြည် ပယ်သင့်သည်ဟု ဆိုလိုရာ ရောက်သည်။

(နီးစပ်သောစကားပုံ)

အရေးကြီး သွေးနီးရာ။

လက်သည်းဆိတ်လက်ထိပ်နာ။

**ကြံ၍ကြောက် လှည်းအောက်မအိပ်နှင့်။**

အရာရာကိုကြောက်စရာဟူ၍ ကြံဖန်တွေးတောကာ ကြောက်တတ်သောသူသည် လှည်း၏အောက်၌ပင် အိပ်၍ လုံခြုံနိုင်မည်မဟုတ်ဟု ဆိုလိုသည်။

လှည်းသည်ပင် အဆင်မသင့်သော် ဒေါက်ပြုတ်၍ ဦးပြိုကျနိုင်ပေသည်။ ကြောက်တတ်သောသူအဖို့ ကြောက်စရာတွေးလျှင် ကြောက်စရာချည်းသာ တွေ့ရမြင်နိုင်သည်။ မကြောက်သင့်သော အရာကိုပါ အတွေးနှင့်တွက်ဆ၍ ကြောက်မနေသင့်ဟု ပုံခိုင်း၍ သုံးသည်။

(နီးစပ်သောစကားပုံ)

မြေပြိုမှာကြောက်လျှင် မြေပေါ်မနေနှင့်။

**ကြက်ဥအရောင် တိမ်တောင်သဖွယ် မင်းရေးကျယ်။**

ကြက်ဥ၏အနှစ်အရောင်အဆင်းသည် ရွှေဒင်္ဂါးရောင်မှ ထုံးခြောက်ရောင်အထိ အရောင်အသွေးအမျိုးမျိုးရှိ၍ ကြက်ဥကို ကြည့်ရုံဖြင့် အတွင်းက အနှစ်မည်သည့်အရောင်

mgyee.com

mgyoe.com

ဖြစ်မည်ကို မသိနိုင်ချေ။ တိမ်တောင်တိမ်လိပ်တို့သည်လည်း အရောင်အမျိုးမျိုး၊ အသွင်အမျိုးမျိုး တစ်ခဏချင်း ပြောင်းလဲတတ်သဖြင့် မည်သည့်အရောင်အသွင်သို့ပြောင်းမည်ဟု ကွဲကွဲပြားပြား ခွဲခြားသိမှတ်ရန် ခက်ခဲသည်။ ထိုနည်းအတူ မင်းမှုမင်းရေး၊ နိုင်ငံရေး ပရိယာယ်တို့သည်လည်း ကြိုတင် အသိခက်အောင် ရှိတတ်သည်ဟု ဆိုလိုသည်။ အသိခက်သောအရာများတွင် ထိုစကားကို သုံးနှုန်းသည်။

(ကြက်ဥသည် ကြက်နက်ပေါက်မည်၊ ကြက်ဖြူ ပေါက်မည်၊ အဖပေါက်မည်၊ အမပေါက်မည် စသည်ကို အသိခက်ကြောင်းဖြင့်လည်း ကောက်ယူကြသည်။)

**(နီးစပ်သောစကားပုံ)**

ပြည်ထဲအရေး၊ ပေါက်နှင့်ကျေး။

## ကြောက်သည်ဆိုလေ ကြောင်နှင့်တို့လေ။

ကြောက်ပါသည်ဟု ဆိုထားလေပြီးမှ ထပ်မံ၍ ကြောင်နှင့်တို့နေသည်ဟု ဆိုလိုသည်။ တစ်ဖက်သားက အရှုံးပေးဝန်ခံထားပါလျက် ထပ်မံ၍ ဖိစီးနှိပ်စက်ခြင်းပြုသည်ဖြစ်စေ၊ သူတစ်ပါး ရှုံ့ရှာမုန်းတီးသည်ကိုမှ လွန်ဆန်၍ ဖွတ်တိုးပြုမူသည်ဖြစ်၊ ထပ်ဆင့်ကဲလွန်သော အပြုအမူကို ရှုတ်ချ၍ဆိုသည်။

**(နီးစပ်သောစကားပုံများ)**

ကြောက်ပါပြီဆိုမှ မှတ်ပြီလားမေး။

ကြောက်ပါတယ်ဆိုမှ ဖြဲခြောက်သည်။

## ကွာပါဆိုတော့သူများက လွှမ်းတော့ကိုယ်က။

သူတစ်ပါးကကွာလိုက်ဟု စေ့ဆော်တိုက်တွန်းသဖြင့် လင်နှင့်ကွာလိုက်ပြီးနောက်မှ လွှမ်းတစရာရှိသောအခါ မိမိကသာ လွှမ်းနေရ၍ တိုက်တွန်းသူများလာ၍ လွှမ်းမပေးနိုင်ကြသည်ကို ဆိုလိုသည်။

မိန်းမတစ်ယောက်သည် လင်နှင့် စိတ်အခန့်မသင့်သောအခါ အိမ်နီးချင်းများက လင်ကိုကွာပစ်လိုက်ရန်တိုက်တွန်းသဖြင့် သွေးပူခိုက်ဖြစ်သောကြောင့် အိမ်နီးချင်း စကားကို နာယူကာ စိတ်လိုက်မာန်ပါကွာလိုက်လေတော့သည်။ ထို့နောက် သွေးအေး သွားသောအခါတွင် လင်ကိုလွှမ်းဆွတ်၍ တသသ ဖြစ်နေတော့၏။ ထိုအခါမှ မိမိ စိတ်လိုက်မာန်ပါကွာရှင်းလိုက်မိသည်မှာ မှားကြောင်းသိလာ၍ ကွာပါဟုအကြံပေးသူများမှာ အခြားသူများ

mgyoe.com

ဖြစ်သော်လည်း တကယ်လက်တွေ့လွမ်းတ,ရသူမှာ အခြားမဟုတ်ဘဲ မိမိသာဖြစ်နေပါ ကလားဟု ရေရွတ်လေတော့သည်။

အခြားသူများအဖို့ ကိုယ်တိုင်ခံစားတွေ့ကြုံရခြင်းမရှိဘဲ အကြံပေးတိုက်တွန်းရုံမျှ သာဖြစ်သော်လည်း တကယ်လက်တွေ့ ဆောင်ရွက်ရသူမှာ အကျိုးအပြစ်ကို လက်တွေ့ ခံစားရမည်သာ ဖြစ်သဖြင့် မိမိအရေးကို မိမိကိုယ်တိုင်သာလျှင် စဉ်းစား ချိန်ဆပြီးနောက် ဆောင်ရွက်သင့်မှသာ ဆောင်ရွက်ရမည် ဖြစ်သည်။ သူတစ်ပါးအကြံကို လိုက်သင့်မှ လိုက်ရမည်။ ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးရမည်ဖြစ်၍ ကိုယ်ပြုသလို ကိုယ်ခံစားရမည် ဖြစ်ကြောင်းကို လေးနက်စေရန်အတွက် ထိုဥပမာကို ခိုင်းနှိုင်းပြောဆိုသည်။

**(နီးစပ်သောစကားပုံများ)**

ဆေးသမားမထောင်းတာ လူနာမခံချိ၊

ဥစ္စာရှင်လို ဥစ္စာရှင်ခဲ။

ဘယ်သူမပြု မိမိမှု။

## ကွန်လေးသစ်ကွင်းနှင့် ငါးကြင်းကိုအုပ်၍မမိနိုင်။

အကွက်လက်လေးသစ်ခန့်ရှိသော ပိုက်ကွန်ကျဲနှင့် ငါးကြင်းပေါက်များကို အုပ်ဖမ်းသည်ရှိသော် ငါးကြင်းကတိုးထွက်လွတ်မြောက်သွားနိုင်သဖြင့် အချည်းနှီးဖြစ်မည်ဟု ဆိုလိုသည်။

တစ်စုံတစ်ခုပြုလုပ်ရာ၌ လုံလောက်သော ပစ္စည်းကိရိယာအင်အားလိုအပ်၏။ မလုံမလောက် ချို့တဲ့သောအင်အားပစ္စည်းဖြင့် ထိုအင်အားထက်လွန်သော လုပ်ငန်းကိုပြုလုပ်ခြင်းငှာ မတတ်စကောင်းပေ။ ထို့ကြောင့် အလုပ်ပမာဏနှင့် စိုက်ထုတ်ရမည့်အင်အား ညီမျှမှသာ စွမ်းဆောင်နိုင်မည်ကို ရည်ညွှန်းသောအားဖြင့် ငါးကြင်းကိုဖမ်းလိုက ငါးကြင်းမလွတ်ထွက်နိုင်သောပိုက်မျိုးကိုသာ သုံးရမည်။ မဖမ်းမိ၊ မအုပ်မိနိုင်သော ပိုက်မျိုးဖြင့်ဖမ်းပါက ငါးကြင်းကိုမရနိုင်ဟု တင်စားဆိုသည်။

မျှတသောအင်အားဖြင့်သာ မျှတသောအလုပ်ကို နိုင်နင်းစွာလုပ်နိုင်မည်ဟုဆိုလိုသည်။

**(နီးစပ်သောစကားပုံများ)**

**ငွေစတစ်ပဲနှင့် ငါးကြင်းခေါင်းကိုင်ချင်။**

**အမဲရိုးနှယ် ဟင်းအိုးမျှအားမနာ။**

**အဖိုးနည်း အိုးကွဲရသည်။**

mgyoe.com

 gyoe.com 

## ကွမ်းသီးကြိုက် တောင်ငူပို့။

ကွမ်းသီးကြိုက်တတ်သူကို ကွမ်းသီးထွက်ရာ တောင်ငူမြို့သို့ ပို့လွှတ်သည်ဟုဆိုသည်။ ဖြစ်ပျက်လာမှုသည် မူလဆန္ဒနှင့်ကိုက်ညီနေသည်။ အဆိုးမဖြစ်ဘဲ အကောင်းဖြစ်နေသည်ဟု ဆိုလိုရာရောက်သည်။

တောင်ငူမြို့နယ်သည် ကွမ်းသီးထွက်ရာဒေသအဖြစ် ထင်ရှားသည်။

"တံတားဦးက ကွမ်းနုဝါ၊ ငမြာကဆေး။

ကွမ်းသီးတောင်ငူပ၊ စစ်ကိုင်း ထုံးဖြူ ပြည် ရှားနှင့်

သာဝါးလို့ထွေး"

ဟူသော စာချိုးပင်ရှိသည်။ ကွမ်းသီးကြိုက်သူကို တောင်ငူသို့ပို့က မငြိုမငြင် အကြိုက်သင့် ကျေနပ်စွာသွားပေလိမ့်မည်။ တောင်ငူသို့ ပို့ခံရခြင်းသည် ကွမ်းသီးကြိုက်သူအတွက် မလိုလားသောအရာမဟုတ်ဘဲ အကြိုက်ပင်ဖြစ်ပေလိမ့်မည်။ တစ်ခါတစ်ရံ အခြားသူတစ်ဦးအတွက် အခက်အခဲ မနှစ်သက်ဖွယ်ရာ ဖြစ်စေလိမ့်မည်ဟူသောအထင်ဖြင့် ပြုလုပ်စီမံလိုက်သော်လည်း ထိုသူအဖို့တွင် အကြိုက်တွေ့စရာ ဖြစ်သွားတတ်ချေသည်။ တစ်ဦးတစ်ယောက်၏တစ်ဖက်မှအမြင်သည် တခြားသူတစ်ယောက်အတွက် ဆန့်ကျင်ဘက်အားဖြင့် မြင်စေတတ်ကြောင်းကို သတိပေးညွှန်ပြသည်။ ခရီးလှည့်လိုသူမျိုးကို နယ်ပြောင်းရသည့် အလုပ်မျိုးပြောင်းပေးလျှင် ကွမ်းသီးကြိုက်သူကို တောင်ငူပို့သကဲ့သို့ရှိပေလိမ့်မည်။

**(နီးစပ်သောစကားပုံများ)**

စူဠလိပ်ရေထဲလွှတ်သလို

ရေငတ်တုန်း ရေတွင်းထဲကျ

အပျိုရှာ ကညာတွေ့၊ အချိုရှာ သကာတွေ့။

## ကျွဲနှစ်ကောင်ခတ်သည့်ကြား မြေစာပင်မခံနိုင်။

ကျွဲနှစ်ကောင်ဖေ့ခတ်ကြရာတွင် တိုးဖေ့ဆုတ်ရှောင်ကြခြင်းဖြင့် မြေပေါ်၌ ပေါက်နေသော မြေစာမြက်ပင်များမှာ ကျွဲနှစ်ကောင်နင်းချေခြင်းကိုခံရပြီး ကျွဲနှင့်ရန်သူလည်း မဟုတ်၊ ရန်ဖြစ်ရာ၌လည်းမပါဘဲနှင့် မတ်မတ်မရှင်သန်နိုင်ဘဲ ကျေပျက်ရသည်ဟု ဆိုလိုသည်။

သက်ဆိုင်သူနှစ်ဦးနှစ်ဖက် အချင်းချင်း တိုက်ခိုက်ရန်ပြုကြရာတွင် ကြားမှမသက်ဆိုင်သော အပြစ်မဲ့သူများ အနစ်နာခံကြရသည့်အခါတွင် သုံးနှုန်းသည်။

mgyoe.com

(နီးစပ်သောစကားပုံများ)
မြို့ဝန်အတွက် ဝေက်ကဒဏ်ခံ။
တောင်လဲရာ မြက်ပြတ်သည်။
ဓားခုတ်ရာ လက်လျှိုမှားသည်။

## ကျွဲပါးစောင်းတီးသည်။

အနုပညာအရသာကို မခံစားတတ်သော ကျွဲ၏အပါးတွင် စောင်းကိုတီးပြသော်လည်း ကျွဲသည် မည်သို့မျှ အရေးမထား၊ အရသာမခံယူတတ်ဟု ဆိုလိုသည်။

မသိနားမလည်သူ သို့မဟုတ် မနာခံလိုသူအား စကားကောင်း၊ အကြံကောင်းကို တင်ပြနှိုးနှောသော်လည်း ထိုသူသည် အလေးမမူ လက်မခံဘဲ ထိုစကားနှင့်အကြံကို စွန့်ပယ်ပစ်သည့်အခါတွင် သုံးနှုန်းသည်။

ကျွဲပါးစောင်းတီးရာတွင် ကျွဲကမမိုက်၊ စောင်းတီးသူကသာ မိုက်သည်ဟု အပြန်အလှန်အားဖြင့်လည်း တချို့ကောက်ယူကြသည်။

(နီးစပ်သောစကားပုံများ)
သဲထဲ ရေသွန်သည်။
နားပင်းသူကို ပြွေမှုတ်ပြသည်။
နူနာသည် မြွေပေါက်သည်။

## ကျွန်ယုံတစ်ဖက်ကန်း သားသမီးယုံ စုံလုံးကန်း။

ကျွန်ကိုယုံကြည်မိသဖြင့် ကျွန်က လှည့်ဖြားခိုးယူသောကြောင့် ဥစ္စာပစ္စည်းတချို့ တစ်ဝက် ကုန်ဆုံးရသဖြင့် မျက်လုံးနှစ်လုံးအနက်တစ်လုံး အမြင်ဖြင့် မြင်ရသလောက်သာ ဥစ္စာကျန်တော့သည်ကို တစ်ဖက်ကန်းသည်ဟုဆိုသည်။ သားသမီးကို အယုံသည်း၍ အလုံးစုံယုံမှတ်အပ်နှံထားသောအခါ သားသမီးက မိဘပစ္စည်းဖြစ်၍ ပိုင်ပိုင်နင်းနင်း ထုခွဲသုံးဖြုန်းလေသဖြင့် ပစ္စည်းလုံးဝကုန်ဆုံးရသည်တွင် မျက်စိစုံလုံးကန်းရဘိသကဲ့သို့ ပစ္စည်းဥစ္စာလုံးဝမမြင် ကွယ်လေသည်ဖြစ်၍ စုံလုံးကန်းသည်ဟုဆိုသည်။ ဆိုးဝါးသော သားသမီးသည် သူစိမ်းကျွန်ထက်ပင် မိဘကို ဒုက္ခပေးနိုင်သည်။ နီးသောရင်သွေးသည် တစ်ခါတစ်ရံ ဝေးသောသူစိမ်းထက် ဒုက္ခပေးတတ်သည်ဟုဆိုလိုသည်။

mgyoe.com

 mgyoe.com 

(နီးစပ်သော စကားပုံများ)

ကျားကျောက်လို့ ရှင်ကြီးကိုး ရှင်ကြီး ကျားထက်ဆိုး။

မြို့ဝန်မင်းစောင်မမှ ထောင်လုံးလုံးကျသည်။

## ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ

တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အားကိုးမှီတွယ်နေရသည်ဟု ဆိုလိုသည်။

မြစ်ကြောင်းများတွင် သောင်ထွန်း၍ နုန်းတင်သဖြင့် ကျွန်းများပေါ်လာတတ်သည်။ ထိုကျွန်းများသည် မြေနုသဖြင့် ရေတိုက်စားသောအခါ အလွယ်နှင့် ရွေ့ပါးသွားတတ်လေသည်။ သို့ရာတွင် ကျွန်းမြေပေါ်၌ ကိုင်းပင်များပေါက်လာသောအခါ ကိုင်းပင်အမြစ်ကုပ်တွယ်ထားခြင်းကြောင့် တစ်ကြောင်း၊ ကိုင်းပင်များ သွေ့ခြောက်ဆွေးမြည့်သဖြင့် မြေစာသစ်တက်လာခြင်းနှင့် ကိုင်းပင်များကြောင့် ဒိုက်များ၊ နုန်းများ ပို၍ ငြိတင်လွယ်ခြင်းစသည်တို့ကြောင့်တစ်ကြောင်း ကျွန်းမြေများသည် ပို၍မြင့်မောက်ခိုင်မာကာ မရွေ့မပျောက် နှစ်ကာလကြာရှည်တည်တံ့နိုင်လေသည်။ ထိုနည်းဖြင့် ကျွန်းသည် ကိုင်းပင်ကိုမှီရလေသည်။

ကိုင်းပင်သည်လည်း ကုန်းမြေပေါ်၌သာ ပေါက်နိုင်သဖြင့် ကျွန်းကိုမှီ၍ ပေါက်ပွားရလေသည်။ ခိုင်မာသော မြေလွှာရှိ၍ ရေတိုက်စားမှုနည်းပါးသော ရေစပ်၊ ကျင်းနိမ့်များ၊ ကျွန်းများကို မှီတွယ်၍သာလျှင် ကိုင်းပင်ပေါက်ပွားရှင်သန်ရသောကြောင့် ကိုင်းကကျွန်းကိုမှီရသည်ဟု ဆိုလေသည်။

ဤသို့အားဖြင့် ကျွန်းနှင့်ကိုင်းသည် တစ်ခုကိုတစ်ခု အပြန်အလှန်မှီတွယ်ရလေသည်။

(ဤ၌ 'ကျွန်း' ကို 'ကျွန်းသစ်ပင်' ဟု မှတ်ယူလျှင် ကျွန်းပင်နှင့် ကိုင်းပင် အပြန်အလှန်မှီတွယ်ပုံသည် သဘာဝယုတ္တိမရှိချေ။ ထိုမှတစ်ပါး 'ကိုင်း' ကို စားသုံးသီးနှံ စိုက်သော 'ကိုင်းခင်း' အနေနှင့်မှတ်ယူလျှင်လည်း ကျွန်းက ကိုင်းကိုမှီတွယ်ရာ၌ သဘာဝယုတ္တိအားလျော့မည်ဖြစ်ပေသည်။)

(နီးစပ်သောစကားပုံများ)

ယုန်အကျိုးတောသိ တောအကျိုးယုန်သိ။

mgyoe.com

## ကြွက်မနိုင် ကျီ မီးနှင့်ရှို့

ကျီတွင်နေသော ကြွက်များကို နှိမ်နင်းမနိုင်သည်နှင့် ကြွက်များ ပျက်စီးစေလိုသဖြင့် ကျီတစ်ခုလုံးကို မီးနှင့်ရှို့သည်ဟု ဆိုလိုသည်။ သက်ဆိုင်သူအားသာလျှင် ထိခိုက်နစ်နာစေသည်မဟုတ်ဘဲ အသိုင်းအဝိုင်းအားလုံးကို သိမ်းကျုံးထိပါးအောင်ပြုလုပ်သည့် အခါတွင်လည်းကောင်း၊ မိမိရည်ညွှန်းသူအား ရန်တုံ့မူရန် မတတ်နိုင်သောအခါ လက်စားချေလိုစိတ်ပြင်းပြသည်နှင့် အခြားမသက်ဆိုင်သူများကိုပါ သိမ်းရုံး၍ အန္တရာယ်ပြုခြင်းမျိုးကိုလည်းကောင်း တင်စား၍ သုံးသည်။ အသေးအဖွဲကြွက်တစ်ကောင်အမှုမျှနှင့် ကျီတစ်ခုလုံးကို ဆုံးရှုံးပျက်စီးစေသည်ဟုဆိုလိုသည်။

**(နီးစပ်သော စကားပုံများ)**

ကုလားမနိုင် ရခိုင်မဲ (ရခိုင်မေး)။

ဓားပြမဖမ်းသာ အောက်စောင့်မသက်သာ။

❖

mgyoe.com

# (ခ)

## ခရီးတွင်လို့ ရွာစဉ်မသိ။

ခရီးသွားသူသည် ခရီးတစ်လျှောက် စိုက်လိုက်မတ်တတ် လျှောက်၍သာသွားသဖြင့် ခရီးကားတွင်သည်။ သို့ရာတွင် လမ်းခရီးတစ်လျှောက်၌ရှိသော ရွာစဉ်ကို အမှတ်အသား မထားသဖြင့် မသိ မမှတ်မိဘဲ ရှိသည်ဟုဆိုလိုသည်။ လုံ့လဝီရိယ စိုက်ထုတ်သော်လည်း ဉာဏ်မယှဉ်သောအခါ ရသင့်သော အကျိုးကျေးဇူးကို မရရှိတတ်သည်ကို ခိုင်းနှိုင်းသုံးသည်။ အကျိုးရှိသော်လည်း ရှိသင့်သလောက် မရှိဟုဆိုလိုသည်။

**(နီးစပ်သောစကားပုံများ)**

ပိုးသာကုန် မောင်ပုံစောင်းမတတ် (လုံးဝအကျိုးမရှိဟု ဆိုလိုသည်)။

ဆန်ကွဲသာကုန် ဖရုံမသီး။

## ခရီးသွားဟန်လွှဲ

ခရီးသွားသောအခါ ခရီးရောက်စေရန် ခြေကလှုပ်ရှားရသည်ဖြစ်သော်လည်း ခြေလှမ်းရာတွင် လက်ကပါ အလိုက်သင့်ဟန်လွှဲလျက်ပါသဖြင့် ခရီးသွားခြင်းဖြင့် အလိုအလျောက် ဟန်လွှဲခြင်းတစ်ခါတည်းပြီးစီးစေသည်ဟု ဆိုလိုသည်။ တစ်စုံတစ်ခုပြုလုပ်ရာတွင် အခြားအလုပ်တစ်ခုပါ အကျုံးဝင်ပြီးစီးသည့်အခါမျိုးတွင် သုံးနှုန်းသည်။

**(နီးစပ်သောစကားပုံများ)**

ကျွဲကူးရေပါ

mgyoe.com

တစ်ချက်ခုတ် နှစ်ချက်ပြတ်။

### ခရု ခါးတောင်းကျိုက်၍ ဖမ်းသည်။

ခက်ခဲခြင်းမရှိ၊ ရန်မူခြင်းမရှိ၊ စွန့်စားရန်မလိုသော ခရုကို အပန်းတကြီး ခါးတောင်းကျိုက်၍ဖမ်းနေခြင်းမျိုးကို ဆိုလိုသည်။ အရာအခွင့်အားလျော်စွာ တန်သင့်ရာ အားထုတ်ရသည်ဖြစ်လျက် လိုသည်ထက်ပို၍ ခွန်အားစိုက်ထုတ် ကြောင့်ကြခံခြင်းမျိုးကို ရှုတ်ချသောအားဖြင့် တင်စားပြောဆိုသည်။

(နီးစပ်သောစကားပုံများ)

ကြက်ဥပြုတ် သံတုတ်နှင့်ရိုက်

နှံပြည်စုတ် အမြောက်နှင့်ပစ်။

### ခလုတ်ထိမှ အမိတ။

ဘေးအန္တရာယ်မရှိသေးစဉ်အခါက မိဘကျေးဇူးကိုသတိမရဘဲ ဘေးဒုက္ခတစ်စုံတစ်ခု ကြုံတွေ့သောအခါတွင်မှ "အမယ်လေး ဘဲလေး" စသည်ဖြင့် မိဘကိုအားကိုးရာအဖြစ် တမ်းတမြည်တမ်းတတ်ကြသည်ဟုဆိုလိုသည်။ ကြိုတင်သတိမူ ဆင်ခြင်ခြင်းမရှိဘဲ ဖြစ်လာသောအခါတွင်မှ နောင်တရခြင်း၊ ပူပန်ခြင်း ဖြစ်ရတတ်ပုံကို ရှုတ်ချ၍ သုံးနှုန်းသည်။

(နီးစပ်သောစကားပုံများ)

နှောင်းမှ နောင်တရ။

လူမိုက်နောက်မှ သံဝေဂရ

### ခင်ကြီးလက်ရန်းတက်က ကျပ်ခိုးစင်မောင်ရှင်မတက်လား။

ဘုန်းကြီးကပင်လျှင် ဝိနည်းသိက္ခာနှင့်မညီဘဲ လက်ရန်းအမြင့်ပေါ်သို့ တက်ရောက်က ငယ်ရွယ်သော သာမဏေသည် ကျပ်ခိုးစင်ပေးတက်သည်ကို အပြစ်မဆိုသာဟုဆိုလိုသည်။ စည်းကမ်းဥပဒေကို ကြီးသူက လိုက်နာရှိသေမှသာ ငယ်သားကလည်း နည်းယူလိုက်နာမည်။ ရှေ့ဆောင်ပုဂ္ဂိုလ်က အကျင့်ပျက်က ငယ်သားများ အကျင့်ပျက်သည်ကို အပြစ်ဆိုသာမည်မဟုတ်ဟု ဆိုလိုသည်

(နီးစပ်သောစကားပုံများ)

ခေါင်က မိုးမလုံလျှင် တံစက်မြိတ်ကမလုံနိုင်။

mgyoe.com

 mgyoe.com 

## ခင်ရာဆွေမျိုး မြိန်ရာဟင်းကောင်း။

ဆွေတမျှ ခင်မင်ရင်းနှီးသောသူသည် ဆွေမျိုးပင်မတော်သော်လည်း ဆွေမျိုးအဖြစ်နှင့် အသိအမှတ်ပြုဖွယ်ရာ ကောင်းသည်။ အမြိန်အမြတ် စားသောက်ဖွယ်ရာ ဟင်းလျာမဟုတ်သော်လည်း ခံတွင်းနှုတ်မြိန်ခဲ့လျှင် ဟင်းကောင်းဟူ၍ ယူဆနိုင်သည်ဟုဆိုလိုသည်။ အကျိုးတရားသည် အကြောင်းတရားကို အထောက်အပံ့ပြုသည်။ ဆွေမျိုးတိုင်းသည် ခင်မင်တတ်သည်မဟုတ်၊ ဟင်းတိုင်းလည်း နှုတ်မမြိန်။ ဆွေမျိုးဟူသည် ခင်မင်မှုဖြင့်သာ အကဲဖြတ်အပ်သည်။ ဟင်းလျာကောင်းဟူသည် နှုတ်မြိန်မှုဖြင့်သာ အကဲဖြတ်အပ်သည်ဟုဆိုလိုသည်။ အကျိုးအားဖြင့် အခန့်သင့်သောအရာသည် အကောင်းဟု မှတ်ယူနိုင်ကြောင်း တင်စားလိုသည်။

(နီးစပ်သောစကားပုံများ)

ကိုယ်ထင် ခုတင်ရွှေနန်း။

စိတ်ရင်းက သွေးရင်းသည်။

## ခတ်ကွင်းပြင်တာနှင့် ရွာသစ်ကြီးရောက်။

သမ္ဗန်ခတ်ရာတွင် ခတ်တက်နှင့် ခတ်တိုင် ချည်တုပ်ထားသော ကြိုးကွင်းခတ်ကွင်းကို အသင့်ပြုကွပ်မထားသဖြင့် သမ္ဗန်ရေဆန်ခတ်သွားစဉ်တွင် ခတ်ကွင်းပြတ်သောအခါမှ အသစ်ပြင်၍ ပြုလုပ်နေသောအခါ သမ္ဗန်သည် ဧရာဝတီမြစ် စစ်ကိုင်းဆိပ်မှ ရေစီးရာ မျောပါ၍ အောက်ဘက်ရွာသစ်ကြီးသို့ ရောက်ရသည်ဟုဆိုလိုသည်။ ပြင်ဆင်မှုကို လိုသည်ထက်ပို၍ ချဲ့ထွင် နှောင့်နှေးစွာ ပြုလုပ်နေခြင်းအားဖြင့် တကယ် ဆောင်ရွက်လုပ်ကိုင်ရမည့်အချိန်တွင် ဖင့်နွှေးနောက်ကျ၍နေတတ်သည်ဟု ဆိုလိုသည်။

(နီးစပ်သောစကားပုံများ)

ခါးတောင်းကျိုက်သည်နှင့်ပွဲပြီး။

## ချေးခြောက်ရေနှူးသည်

အနံ့အသက်ပျောက်၍ သွေ့ခြောက်နေသော ချေးကို ပြန်၍နံစော်အောင် ရေနှင့်နှူးသည်ဟု ဆိုလိုသည်။ ပြီးပြတ်ပြီးကိစ္စ၊ ဟောင်းဆွေးပြီးအကြောင်းအရာ၊ လွန်ပြီးအဖြစ်အပျက်တို့ကို အကြောင်းမဲ့ပြန်၍ ထပ်ဖော်ကာ ပူပန်ဆင်းရဲဖြစ်နေခြင်း၊ ဒေါသရန်မီးတောက်နေခြင်း စသည်တို့ကို အပြစ်တင်၍ ဆိုသည်။ အလိုအလျောက် ငြိမ်းငြိမ်းပြီး

mgyoe.com

mgyoe.com

ကိစ္စကို ပြန်၍ဖော်ခြင်းမှာ အကျိုးမဲ့ကြောင်း ဖော်ပြသည်။ လွန်ပြီးကိစ္စကို လွန်စေတော့ ဟုဆိုလိုသည်။

**(နီးစပ်သောစကားပုံများ)**

အနည်ထိုင်ပြီးမှ ပြန်မွှေသည်။

## ဈေးထဲကလောက် ဈေးထဲပျော်သည်။

ဈေးထဲတွင် စားသောက်ပျော်ပါးနေသော လောက်ကို အခြားသန့်ပြန့်မွှန်မြတ်ရာ နေရာတွင် ထားသော်လည်း ပျော်မည်မဟုတ်။ ဈေးထဲတွင်သာ ပျော်မည်ဟုဆိုလိုသည်။ မကောင်းမှုဖြင့် ပျော်မွေ့တတ်သူများကို ကောင်းရာသို့ ကယ်မပို့ဆောင်သော်လည်း အလိုကျပျော်ရွှင်မည်မဟုတ်ကြောင်း တင်စား၍သုံးနှုန်းသည်။

**(နီးစပ်သောစကားပုံများ)**

ဇီကုပ်နတ်ပြည်တင် မြင့်သည်ဟုစုန်ချသည်။

## ဈေးယိုခါနီးမှ ဈေးခံတွင်းပေါက်ရှာသည်။

ဈေးမယိုချင်သေးမီက အိမ်သာအဘယ်မှာရှိသည်ဟု အမှတ်မထားဘဲ ဈေးယိုချင်လာသောအခါကျမှ ဈေးခံတွင်းပေါက်ရှာသည်ဟုဆိုလိုသည်။ မိမိပြုလုပ်ဆောင်ရွက်ရမည့်ကိစ္စအတွက် ကြိုတင်ပြင်ဆင်မထားဘဲ လက်တွေ့ပြုလုပ်ဆောင်ရွက်ရမည့်အချိန်တွင်မှ အပူတပြင်း ပျာပျာသလဲ ရှာဖွေစုစမ်း ပြင်ဆင်လုပ်ကိုင်ခြင်းမျိုးကို ရှုတ်ချ၍ဆိုသည်။

**(နီးစပ်သောစကားပုံများ)**

စစ်ရောက်မှ မြားချွန်သည်။

## ချဉ်ချဉ်တူးတူး မူးပြီးရော။

အမူးသမားအဖို့ ချဉ်လိုချဉ်စေ၊ တူးလိုတူးစေ နှစ်သက်ခုံမင်တတ်၍ မူးဖို့သာ လိုရင်းဖြစ်သည်ဟုဆိုလိုသည်။

မိမိနှစ်သက်လာလျှင် မည်သည့်ချို့ယွင်းချက်ကိုမဆို လျစ်လျူရှု ခွင့်လွှတ်တတ်သော သဘောကို ဖော်ပြသုံးနှုန်းသည်။ မိမိရည်ရွယ်ချက်ကို အဘယ်နည်းနှင့်ဖြစ်စေ မစဉ်းစား မဝေဖန်ဘဲ မျက်စိစုံမှိတ် ပြုမူတတ်ခြင်းကိုလည်း ရှုတ်ချ၍ဆိုသည်။

mgyoe.com

mgyoe.com

(နီးစပ်သောစကားပုံများ)

မရ ရသကချိုင်။

## ခြသေ့်မှန် မှင်ဆံသက်သေ။

ခြသေ့်မျိုးစစ်၊ မစစ်ကို မှင်ဆံကိုကြည့်ခြင်းအားဖြင့် ထင်ရှားသိသာနိုင်သည်ဟုဆိုလိုသည်။ ခြသေ့်သည် အခြားသားရဲနှင့်မတူသော မှင်ဆံလည်မွေးရှိသည်။

အရာဝတ္ထုတိုင်းတွင် မူလစစ်မှန်သော အသွင်လက္ခဏာသည် ပေါ်ထင်မြဲဖြစ်၍ အတု အယောင်နှင့် ကွဲပြားကြောင်း အထောက်အထားရှိမြဲဖြစ်သည်။ အတုသည် အစစ်မဖြစ်နိုင်ဟုဆိုလိုသည်။

(နီးစပ်သော စကားပုံများ)

ရွှေအကြောင်း ဖယောင်းသက်သေ။

ဆင်ဖြစ်ကြောင်း နှာမောင်းသက်သေ။

## ခွေးညိုသုန် ချေးကုန်နည်းသည်။

ခွေးကသုန်မှုန်၍ မဆက်မဆံ ခွာရှောင်ပါက လူအဖို့ ဘာမျှမထိခိုက်မနစ်နာဘဲ ချေးကုန်သက်သာသည်ဟုဆိုလိုသည်။ တစ်ဖက်နှင့်တစ်ဖက် ဆက်ဆံရာတွင် တစ်ဖက်က အဆက်အသွယ်ဖြတ်ခြင်းဖြင့် ကျန်တစ်ဖက်တွင် ထိခိုက်နစ်နာခြင်းမရှိဘဲ အဆက်ဖြတ်သူအဖို့၌သာ လာဘ်လာဘယုတ်လျော့သည့်အခါတွင် သုံးနှုန်းသည်။

(နီးစပ်သောစကားပုံများ)

မခေါ်လျှင် အထူးရသက်သာသည်။

## ခွေးမြီးကောက် ကျည်တောက်စွပ်။

ကောက်နေသောခွေး၏အမြီးကို ဖြောင့်စေရန် ကျည်တောက်စွပ်ပေးထားသော်လည်း၊ ကျည်တောက် ချွတ်လိုက်သောအခါ အကောက်သည် မဖြောင့်ဘဲ ကောက်မြဲ ကောက်နေသည်ဟု ဆိုလိုသည်။ ပြုပြင်၍မရသောအရာကို မည်သို့ပင် ကြိုးစားပြုပြင်စေကာမူ ပြုပြင်၍ရနိုင်ခဲသည်ဖြစ်သောကြောင့် အချည်းနှီးဖြစ်ရသည်ဟုဆိုလိုသည်။ ဆိုနိုင်ခက်ခဲ ပြုပြင်ရခက်ခဲသောသူများကို ရှုတ်ချ၍ဆိုသည်။

mgyoe.com

mgyoe.com

(နီးစပ်သော စကားပုံ)

ငရုတ်သီးရေစိမ်လို့ မအေး၊

**ခွေးရူးကောင်းစားတစ်မွန်းတည့်။**

ခွေးရူးသည် စိတ်ဖောက်ပြန်သဖြင့် လူများကို လိုက်လံကိုက်ရာ အားလုံး ထွက်ပြေးတိမ်းရှောင်ကြရသည်တွင် တစ်ကောင်တည်းမင်းမူနိုင်သကဲ့သို့ရှိသော်လည်း တစ်မွန်းတည့် အချိန်မျှသာကြာ၍ လူအများက တုတ်လှံအုတ်ခဲတို့ဖြင့် ဝန်းရံပစ်ပေါက်နှိမ်နင်းကြသဖြင့် သေဆုံးရသည်ဟုဆိုလိုသည်။ အရည်အစွမ်းမရှိဘဲ မော်မောက်သူသည် ခေတ္တခဏအခိုက်အတန့်မျှသာ မော်မောက်နိုင်၍ နောက်များမကြာမီ ဇာတိရုပ်ပေါ်၍ ပျက်စီးရမြဲဖြစ်သည်ဟုဆိုလိုသည်။

(နီးစပ်သောစကားပုံ)

လူမိုက်ကောင်းစား၊ တစ်မိုးနှောင်း။

**ခွေးရူးနှင့်ခွေးကောင်းကိုက်၊ ခွေးကောင်းနားရွက်ပြတ်သည်။**

ခွေးရူးသည် ရူးသွပ်ရမ်းကား၍ ဘဝဆုံးမျှဖြစ်နေပေရာ ခွေးကောင်းကဖက်၍ကိုက်သော် ခွေးရူးအဖို့ ပို၍ထိခိုက်နစ်နာရမှန်း မသိသော်လည်း ခွေးကောင်းအဖို့ရူးသွပ်ခြင်းကူးစက်၍ ထိခိုက်ရတတ်သည်ဟုဆိုလိုသည်။ ထိခိုက်မှုကိုခံနိုင်စွမ်းရှိသူနှင့် မခံနိုင်စွမ်းသူတို့သည် အချင်းချင်းဖက်ပြိုင်ခြင်းအားဖြင့် ထိခိုက်မခံနိုင်စွမ်းသူကသာ နစ်နာရမြဲဖြစ်သည်ဟုဆိုလိုသည်။

(နီးစပ်သောစကားပုံများ)

ဆူးပေါ်ဖက်ကျဖက်ပေါက်၊ ဖက်ပေါ်ဆူးကျ ဖက်ပေါက်၊

ကြေးအိုးနှင့်မြေအိုးပေါက်သော် ကြေးအိုသာပိန်သည်။

မတူလျှင် မတုနှင့်။

**ခွေးလေးခုန်၍ဖုန်မထ။**

အထုအထည်နှင့် အလေးချိန်နည်းပါးသေးငယ်သော ခွေးလှေး၊ ခွေးသန်းတစ်ကောင်သည် မည်မျှပင် ခုန်စေကာမူ ဖုန်တထောင်းထောင်းထနိုင်စရာအကြောင်းမရှိဟု ဆိုလိုသည်။ စွမ်းပကားအင်အားနည်းပါး၍ အရေးမပြုလောက်သောသူကို အရေး ထားဖွယ်ရာ

mgyoe.com

mgyoe.com

မရှိဟုဆိုလိုသည့်အခါတွင် သုံးသည်။ တစ်ဖက်သား၏ အင်အားကို အထင်သေးနှိမ့်ချ ပြောဆိုလိုသောအခါ ပမာမထားလောက်သည့်ခွေးလေ့းနှင့်နှိုင်း၍သုံးသည်။

(နီးစပ်သောစကားပုံ)

ကြောင်သွား၍ ဆီးနှင်းမကြေ၊

## ခွေးအိုကြီး လက်ပေးသင်။

မှတ်ဉာဏ်ထုံထိုင်း၍ အလေ့အကျင့်ကင်းနေခဲ့သော ခွေးအိုကြီးအား လက်ပေးသင်သည်ဟုဆိုလိုသည်။ ပျိုရွယ်သော ခွေးငယ်ကလေးများကို သင်ကြားလျှင် တတ်မြောက်နိုင်သော်လည်း အချိန်လွန်သောခွေးအိုကြီးကို သင်ကြားခြင်းဖြင့် တတ်မြောက်ရန်လည်း မလွယ်၊ အသုံးချရန်လည်း အချိန်သိပ်မကျန်တော့သဖြင့် အကျိုးရှိသင့်သလောက်မရှိဟု ဆိုလိုသည်။ အချိန်အခါလွန်မှသင်ကြားခြင်း၊ ဆောင်ရွက်ခြင်းတို့ကို ရှုတ်ချ၍ ဆိုလိုသည်။

(နီးစပ်သောစကားပုံများ)

မိုးလွန်မှထွန်ချ။

သေခါနီးမှခွေးအိုနီပါးမှည့်သည်။

လူပျိုဖြစ်မှကင်ပွန်းတပ်။

❖

mgyoe.com

mgyoe.com

(ဂ)

## ဂါထာလူတိုင်းပေး တေးဖြစ်သည်။

အစွမ်းအာနိသင်ထက်မြက်သော ဂါထာကို နေရာဌာနအားလျော်စွာ စည်းစနစ်တကျ ရွတ်ဆိုရန်ပေးခြင်းမဟုတ်ဘဲ လူအားလုံးကိုဖြန့်ပေးခြင်းဖြင့် စနစ်တကျမသုံးတတ်သူများက သီဆိုရွတ်ဖတ်ချင်သလို ရွတ်ဖတ်ခြင်းဖြင့် ဂါထာက တေးသီချင်းဖြစ်၍ သွားရသည်ဟု ဆိုလိုသည်။ နေရာဌာနအားလျော်စွာတန်ဖိုးထား၍ အသုံးချရန် ညွှန်ပြသတိပေးခြင်းဖြစ်သည်။ မည်သည့်အရာကိုမဆို အရာဌာနအလျောက် သင့်ရာချိန်ဆသုံးစွဲမှလည်း အဖိုးထိုက်တန်နိုင်သည်ဟု ဆိုလိုသည်။

**(နီးစပ်သောစကားပုံ)**

ဟောလွန်းသည့်တရား၊ နားချော်သည်။

## ဂေါဏေန ဂေါဏော၊ သမဏေနသမဏော။

နွားတို့သည် နွားတို့ချင်းချင်း စုဝေးတတ်ကြ၍ ရဟန်းတို့သည် ရဟန်းတို့အချင်းချင်း စုဝေးကြမြဲဖြစ်သည်။ အလေ့အကျင့်အမျိုးဘဝတူရာတူရာ အညီအညွတ်ပေါင်းစည်း မိကြသည်ဟု ဆိုလိုသည်။ ဘဝဇာတ် အလေ့အလာ အယူအဆ မတူညီကြသူများသည် အကြောင်းအားလျော်စွာ ပူးတွဲရသော်လည်း ခိုင်မြဲနီးစပ်မှုမရှိဘဲ စရိုက်အလေ့တူမျှမှသာ အပေါင်းအသင်း ဖွဲ့စပ်မိသည်ဟုဆိုလိုသည်။

**(နီးစပ်သော စကားပုံများ)**

သူတော်ချင်းချင်း၊ သီတင်းလွှေ့လွှေ့။

အသွင်တူမှ အိမ်သူဖြစ်။

ဝလေ့တူရာ၊ မိတ်ဖြစ်လာ။

❖

mgyoe.com

mgyoe.com

## (၄)

### ငါးပိဖုတ်မျက်နှာပေး၊ ရွှေရေးပန်းကန်တက်သည်။

ထမင်းပွဲတွင် ပဓာနဟင်းမည်မဟုတ်ဘဲ အရန်အဖြည့်တန်ဖိုးနည်းပါးသော ငါးပိဖုတ်ကို အရေးတယူအမွမ်းတင်ကာ ဟင်းကောင်းဟင်းလျာထည့် အနားရွှေရေးနှင့် ပန်းကန်ထဲတွင် ထည့်ထားသည်မှာ မတန်မရာဖြစ်လှသည်ဟု ဆိုလိုသည်။ အခွင့်အရေး ပေးလွန်း မြှောက်စားလွန်းက မတန်မရာပို၍ နေရာယူတတ်၊ မောက်ကြွတတ်သည်ဟု တင်စားဆိုသည်။

**(နီးစပ်သောစကားသုံးများ)**

ထောက်ထားနှောင့်ယှက်၊ မြှောက်စား ရောင့်တက်။

အရောဝင် အရိုသေတန်။

### ငါးပိဖြစ်ပြီးမှ အမြီးမနှန့်ချင်နှင့်တော့။

ငါးသည် သေရုံသာမက ဆားနှင့်သိပ်နယ်ထောင်းထုခံရ၍ ငါးပိဖြစ်ပြီးသည့်နောက်တွင် မည်သည့်နည်းနှင့်မျှ လှုပ်ရှားနိုင်တော့မည်မဟုတ်သဖြင့် အမြီးနှန့်၍မရသည့်အတိုင်း၊ မရနိုင်သည်ကိုမပြုလုပ်ပါနှင့်တော့ဟုဆိုလိုသည်။ မလွန်ဆန်နိုင်အောင် အရှုံးအညံ့ခံရပြီးသည့်နောက်တွင်မှ အချည်းနှီး မလွန်ဆန်နိုင်ရန် သတိပေးသုံးနှုန်းသည်။ ရှေးဦးက အောင်မြင်အောင် မကြိုးစားဘဲအရေးနိမ့်ပြီးမှ အောင်မြင်ရန် မျှော်လင့်ခြင်းမျိုးကိုလည်း တားမြစ်ပြောဆိုသည်။

mgyoe.com

mgyoe.com

(နီးစပ်သောစကားပုံများ)
လက်နက်ချပြီးမှ အောင်လံမစိုက်ချင်နှင့်။
ဝက်ဖြစ်မှ မစင်မကြောက်နှင့်။

## ငါးပိရှိအကောင်ကောင်၊ အစရှိအနောင်နောင်။

ငါးပိရှိလျှင် ငါးပိတွင်လောက်ကောင်များ ပေါက်ပွားလာတတ်မြဲဖြစ်သကဲ့သို့ တစ်စုံတစ်ရာကို လုပ်ရဲကိုင်ရဲ အစရှိလာလျှင် နောင်ကိုလည်း ထိုအစရှိဖူးသည့်အတိုင်း ထပ်ကာထပ်ကာ အတင့်ရဲလာတတ်ခြင်းရှိမြဲဖြစ်သည်ဟုဆိုလိုသည်။ ငါးပိမရှိလျှင် လောက်ကောင်များမရှိနိုင်သကဲ့သို့ အစမရှိလျှင်လည်း နောင်ထပ်ဆင့်ခြင်းမျိုး မရှိနိုင်ဟုဆိုလိုသည်။ တစ်စုံတစ်ခုဖြစ်လာခြင်းသည် အကြောင်းရင်း အစရှိ၍သာဖြစ်ရသည်။ အကြောင်းမရှိဘဲ အကျိုးဖြစ်မလာနိုင်၊ အစမရှိဘဲ အဆက်မရှိနိုင်ဟူသော သဘောကိုခိုင်းနှိုင်းသုံးသည်။
(နီးစပ်သော စကားပုံများ)
အညှီရှိယင်အုံ။
မီးရှိမီးခိုးထွက်။
တစ်ခါရ ရနိုးနိုး။

## ငရုတ်သီးထဲကပိုး၊ အစပ်မျိုးမကြောက်။

ပူစပ်သော ငရုတ်သီးထဲတွင် ကြီးပွားအသက်ရှင်လာသော ပိုးများသည် အခြားပိုးများကဲ့သို့ အပူအစပ်ကိုမကြောက်ဟုဆိုလိုသည်။ ဒုက္ခအခက်အခဲ၊ အဆိုးအညစ် စသည်တို့ကို အခါများစွာ တွေ့ဆိုင်လာပြီးသောလူသည် အလားတူအခြေအနေကို ထပ်၍ ရင်ဆိုင်ရငြားသော်လည်း ထူးခြား၍ တုန်လှုပ်ခြင်းရှိတော့မည်မဟုတ်ကြောင်း အတွေ့အကြုံသည် ယဉ်ပါးခြင်း၊ ခံနိုင်ရည်ရှိခြင်းကိုဖြစ်စေကြောင်း တင်စား၍သုံးသည်။
(နီးစပ်သောစကားပုံများ)
ဝက်ဖြစ်မှ ချေးမကြောက်။
ပေါက်တဲ့နဖူးမထူးပြီ။
သန်းခေါင်အပြင် ညဉ့်နက်စရာမရှိ။
ငရဲကလူ ပြာပူမကြောက်။

mgyoe.com

mgyoe.com

## ငါ့မြင်းငါစိုင်း၊ စစ်ကိုင်းရောက်ရောက်

ကိုယ့်မြင်းကို ကိုယ့်သဘောနှင့်ထင်သလို စိုင်း၍လာသည်မှာ မည်သူမျှ တားခွင့် ညွှန်ခွင့်မရှိ။ စစ်ကိုင်းမြို့သို့ပင် ရောက်ချင်ရောက်ပေစေဟူ၍ တစ်ဇွတ်ထိုး မိမိထင်ရာ လုပ်သည်ဟု ဆိုလိုသည်။ သူတစ်ပါး၏အကြံဉာဏ်အညွှန်အပြကို လက်မခံဘဲ မိမိ စိတ်နှင့်မိမိကိုယ် မငဲ့မကွက် ထင်ရာလုပ်တတ်ခြင်းကို တင်စား၍ ခိုင်းနှိုင်းသည်။

**(နီးစပ်သောစကားပုံ)**

ငါ့လှေငါထိုး ပဲခူးရောက်ရောက်။

## ငါးကြင်းဆီနှင့် ငါးကြင်းကြော်သည်။

ငါးကြင်းသည် ဆူဖြိုး၍ အဆီများသဖြင့် ငါးကြင်းမှရသောအဆီနှင့်ပင် ငါးကြင်းကို ကြော်သည်ဟု ဆိုလိုသည်။ မိမိကစိုက်ထုတ်ကုန်ကျရခြင်းမရှိဘဲ သူတစ်ပါးပစ္စည်းဥစ္စာဖြင့် သူတစ်ပါးကို ကျွေးမွေးပြုစုခြင်း၊ မပင်မပန်းရသောပစ္စည်းကို ပြန်၍ပေးဖြန့်ခြင်း၊ အမြတ် ဖြင့် ပြန်၍စိုက်ထုတ်ရင်းနှီးခြင်း စသည်တို့တွင် တင်စား၍သုံးသည်။

**(နီးစပ်သောစကားပုံများ)**

သူ့အရိုးနှင့် သူ့ထိုး။

ကြက်မောက်ကို လှီး၍ကြက်စာခွံ့။

## ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်။

လှေဖြင့်တင်လာသော ငါးများထဲတွင် သေ၍ပုပ်နေသော ငါးခုံးမကလေးကို ဖယ်ရှား မပစ်မိသောကြောင့် ငါးပုပ်နံ့ပျံ့လှိုင်၍ တစ်လှေလုံးရှိငါးများ ပုပ်ကုန်သကဲ့သို့ မှတ်ထင်ရ သည်ဟု ဆိုလိုသည်။ အသေးအဖွဲ့တစ်စုံတစ်ရာ တစ်စုံတစ်ယောက်ကြောင့် သက်ဆိုင်သူ အများ၏ ဂုဏ်သတင်းကို သေးသိမ်ယုတ်လျော့ထိပါးစေသည့်အခါတွင် သုံးနှုန်းသည်။

**(နီးစပ်သောစကားပုံများ)**

ပျားတစ်စက်ကြောင့် ပြည်ပျက်။

မစင်တစ်စက်နှင့် ဟင်းတစ်ခါချက်သွန်ရ။

mgyoe.com

## ငါးစိမ်းမြင် ငါးကင်ပစ်။

ငါးစိမ်းမရရှိသောအခါ ငါးကင်ကိုပင် အမြတ်တနိုး ဟင်းမည်ကောင်းအဖြစ် အသုံးပြုနေရပြီး ငါးစိမ်းရသောအခါတွင်ကား အမျိုးမျိုးချက်ပြုတ်ကြော်လှော်နိုင်သဖြင့် ငါးကင်ကို မမက်မောတော့ဘဲ စွန့်ပစ်လိုက်သည်ဟုဆိုလိုသည်။ အသစ်အဆန်းကို တွေ့မြင်ရသောအခါ အဟောင်းကို ခွာကန်စွန့်ပစ်သည်ကို ရှုတ်ချသုံးနှုန်းသည်။

**(နီးစပ်သောစကားပုံများ)**

တစ်ခြုံကွယ် တစ်မယ်မေ့။

အသစ်တွေ့ အဟောင်းမေ့။

## ငါးတကာယိုတဲ့ချေး ပုစွန်ဆိတ်ခေါင်းစု

ပုစွန်ဆိတ်သည် ငါးအများယိုသည့်ချေးများကို စားသောက်သဖြင့် ပုစွန်ဆိတ် ခေါင်းပိုင်းရှိ အစာအိမ်တွင် ငါးချေးများစု၍ နေသည်ဟုဆိုလိုသည်။ သူတစ်ပါး ပြုလုပ်သမျှ အပြစ်များမှာ ရိုးအသော တစ်စုံတစ်ယောက်အပေါ်တွင် တာဝန်စုပုံ၍ တင်လာသည့်အခါတွင် ခိုင်းနှိုင်းသုံးသည်။

**(နီးစပ်သော စကားပုံ)**

အများအတွက် ဝက်ကဒဏ်ခံ။

## ငါးတုလို့ ခရုပွက် အိုင်ပျက်။

ငါးပွက်သကဲ့သို့ ခရုကလိုက်၍ ပွက်သောအခါ ငါးပွက်သည်အထင်နှင့် ရေပက်၍ ငါးရှာခြင်းကြောင့် အိုင်ပါပျက်စီးရသည်ဟု ဆိုလိုသည်။ မိမိဓလေ့စရိုက်နှင့် လျော်ညီသော အပြုအမူထက် ပိုလွန်အားထုတ်ခြင်းဖြင့် ပျက်စီးရသည်ဟုဆိုလိုသည်။

**(နီးစပ်သောစကားပုံများ)**

ဖားတုလို့ ခရုခုန်။

မတူလျှင် မတုနှင့်။

## ငါးပွက်ရာ ငါးစာချ။

ငါးမျှားသည့်အခါတွင် တစ်နေရာရာ၌ ငါးစာကိုချ၍ ငါးကိုမစောင့်ဘဲ ငါးပွက်သည့်နေရာတိုင်းသို့လိုက်၍ ငါးစာချနေသဖြင့် ငါးစာသာကုန်၍ ငါးကို ဟုတ်ဟုတ်ငြား

ပြားမဖမ်းမိဘဲ ရှိသည်ဟုဆိုလိုသည်။ အလုပ်တစ်ခုခု၊ ပညာတစ်ရပ်ရပ်ကို ဇောက်ချ၍ မကြိုးပမ်းဘဲ ကျရာကြုံရာအပြန့်အနံ့ အာရုံများပြားသဖြင့် မည်မည်ရရ တိုးတက်အောင် မြင်ခြင်းမရှိနိုင်ကြောင်းကို ခိုင်းနှိုင်း၍ဆိုသည်။

**(နီးစပ်သောစကားပုံ)**

ဆန်စဉ်ရာ ကျည်ပွေ့လိုက်။

## ငါးပျံတစ်လှည့် ဗုံလုံတစ်လှည့်။

ရေစပ်နားတွင်ပေါက်သော ဗုံလုံပင်မှ အသီးကလေးများသည် ရေပေါ်သို့ ကြွေကျရာမှ ငါးဟပ်၍ ရေရိုက်ခတ်သဖြင့် ရေအောက်သို့မြုပ်သွားရာမှ ရေပေါ်သို့ တစ်ဖန်ပြန် ပေါ်လိုက်၊ ငါးပျံကတစ်လှည့် ခုန်မြောက်ဟပ်လိုက်နှင့် ဗုံလုံသီးနှင့် ငါးပျံတစ်လှည့်စီ မြုပ်ချည် ပေါ်ချည် ဖြစ်နေသည်ဟုဆိုလိုသည်။

အမြဲတစ်သမတ်တည်းမတည်တံ့ဘဲ နိမ့်ချည်၊ မြင့်ချည်၊ ကျချည်၊ တက်ချည် အခိုက် အလှည့်ရှိသော လောကဓံသဘောကို ဖော်ပြသုံးနှုန်းသည်။

(ဗုံလုံမှာ ပဲလင်းမြွေသီးခေါ် ဗုံလုံသီးမျိုးမဟုတ်ချေ။)

**(နီးစပ်သောစကားပုံများ)**

သစ်ငုတ်မြင့်တုံ မြက်မြင့်တုံ။

မှန်ကင်းတစ်လှည့် ထင်းတစ်လှည့်။

ရေစီးတစ်ခါ ရေသာတစ်လှည့်။

## ငါးရိုးမျက် လက်တို။

လည်ချောင်းတွင်း၌ ငါးအရိုးမျက်နေသူသည် အရိုးကို လက်ချောင်းဖြင့် ကော် ထုတ်လိုပါသော်လည်း လက်ချောင်းကတိုနေသဖြင့် မမီမကမ်းဖြစ်နေရသည်ဟုဆိုလို သည်။ ကိစ္စတစ်ခုခုတွင် မမီမကမ်း၊ မပြီးမပြတ်၊ အလှမ်းမမီ၊ အကျပ်အတည်းဖြစ်နေ သည့်အခါတွင်သုံးနှုန်းသည်။

**(နီးစပ်သောစကားပုံ)**

လင်လိုတုန်း နားပဲ့။

mgyoe.com

## ငါးသိုင်းများ ဟင်းဟုံ။

ဟင်းချက်ပြုတ်ရာတွင် ငါးကို သင့်ရုံမျှခတ်လျှင် အရသာချိုမြိန်ကောင်းမွန်မည်ဖြစ်သော်လည်း ငါးသိုင်းအများအပြားခတ်၍ ချက်ခြင်းဖြင့် အရသာမှာဟုံ၍ မည်သို့မျှ သိသိသာသာ ထူးခြားခြင်းမရှိတော့ဘဲ ဖြစ်သွားသည်ဟုဆိုလိုသည်။ အရာရာတွင် သင့်တင့်လျောက်ပတ်ရုံ အတိုင်းအဆကို ချင့်ချိန်ရမည်။ ပိုလွန်က အကျိုးမဲ့ဖြစ်စေနိုင်သည်ဟု တင်စား၍ ဆိုသည်။

(နီးစပ်သောစကားပုံ)

တန်ဆေး လွန်ဘေး။

## ငိုချင်လျက် လက်တို့။

ငိုချင်နေသောသူသည် အလိုလိုနေရင်း ငိုရန်အသင့်ဖြစ်နေရာ တစ်စုံတစ်ယောက်က လက်ဖြင့်ထိတို့ ကျီစားသောအခါ ထိုထိတို့မှုမျှဖြင့် ငိုရလောက်အောင် ထိခိုက်ခြင်းမရှိစေကာမူ ငိုချင်နေသော စိတ်ခံရှိပြီးဖြစ်သဖြင့် ထိတို့ခြင်းကို အကြောင်းရှာ၍ ငိုချလိုက်တတ်သည်ဟုဆိုလိုသည်။ ငိုချင်နေသူကိုမှ လက်သွားတို့မိမှားသည်ဟု ရည်ရွယ်၍ ဆိုကြသည်။

မူလက အခြားအကြောင်းကြောင့် ဖြစ်ပျက်မှုတို့တွင် နောက်ဖြစ်လာသော ပယောဂပေါ်၍ စုပုံအကြောင်းရှာတတ်သောအခါတွင် သုံးနှုန်းသည်။ အကြောင်းအခွင့် အပြစ်ရှာနေသူ စားစာခံလိုနေသူအား သတိထား၍ဆက်ဆံရန် ညွှန်ပြသုံးနှုန်းသေးသည်။

(နီးစပ်သောစကားပုံ)

မိုးခေါင်ခေါင် ငါ့သျှောင် ဘယ်သူဆွဲပါ့မလဲ။

## ငယ်သာငယ် အမယ်ပဥ္စင်းပဲ။

သင်္ကန်းဝတ် သံဃာများထဲတွင် အသက်ပြည့်စ၊ အရပ်အမောင်းနိမ့်ပျပ်သဖြင့် ရှင်သာမဏေဖြစ်မည်ဟု ထင်ရစေကာမူ သာမဏေနှင့် ပဥ္စင်းခွဲခြားသောအခါတွင် အမျိုးအမည်(အမယ်)အဆင့်အားဖြင့် ပဥ္စင်းအရေအတွက်တွင် ပါဝင်သည်ဟုဆိုလိုသည်။ အမြင်အားဖြင့် နိမ့်ငယ်သော်လည်း အရည်အချင်းအားဖြင့် အထင်သေးနိုင်ဖွယ်ရာမရှိ၊ အမြင်ဖြင့် ဆုံးဖြတ်၍မရ။ အမြင်သေးနုပ်သော်လည်း အရည်အချင်းရှိနိုင်သည်ဟု တင်စားဆိုသည်။

mgyoe.com

mgyoe.com


(နီးစပ်သောစကားပုံများ)
ငယ်သာငယ် နာ့မည်က တုတ်ကြီး
ပုစွန်ဆိတ်ငယ်သော်လည်း ပင်လယ်ကူးနိုင်သည်။

**ငွေအကဲ ပန်းပဲမသိ။**

ငွေကောင်း၊ မကောင်းကို ပန်းထိမ်ဆရာသာ သိသည်။ ပန်းပဲဆရာသည် ငွေအကြောင်းကို မသိ။ သံအကြောင်းကိုသာ သိနိုင်သည်ဟုဆိုလိုသည်။ မိမိနှင့်ဆိုင်ရာကိစ္စ၌သာ ကျွမ်းကျင်လိမ္မာမြဲဖြစ်၍ မိမိနှင့်သက်ဆိုင်သော ကိစ္စမဟုတ်လျှင် မသိ မကျွမ်းကျင်ဟု ဆိုလိုသည်။

(နီးစပ်သောစကားပုံ)
ကျွမ်းကျင်ရာလိမ္မာ။

❖

mgyoe.com

mgyoe.com

## (စ)

### စကားနောက် တရားပါ။

စကားကို မထိန်းမချုပ်ပြောတတ်သောသူသည် စကားအနေနှင့် အမှတ်တမဲ့ပြော ဆိုသွားရာတွင် ထိုစကားထဲမှ တချို့သော စကားအချက်များသည် တရားတပေါင် အမှု အခင်းအတွက် သဲလွန်စရစရာ အချက်များဖြစ်နေ၍ တရားတပေါင်ဝင်သော စကားမျိုး ဖြစ်နေရတတ်သည်ဟုဆိုလိုသည်။ နှုတ်လွန်ခြင်းကြောင့် ဖြစ်စေ၊ နှုတ်မစောင့်သောကြောင့် ဖြစ်စေ၊ နှုတ်ကတိထားမိခြင်းကြောင့်ဖြစ်စေ အမှုအခင်းပေါ်လာနိုင်စရာရှိသောကြောင့် စကားနောက်မှုခင်းပါတတ်သည်ဟု ဆိုလိုရင်းဖြစ်သည်။ စကားကို ရမ်းမပြောရန် တားမြစ် သတိပေးသော စကားဖြစ်သည်။

(စကားပြောရာမှ သံဝေဂရစရာ တရားဓမ္မပါရှိသည်ဟု ယူဆလျှင် အသုံးနှင့် မဟပ်မိ)

**(နီးစပ်သောစကားပုံ)**

အသံကြောင့် ဖားသေ။

### စပါးကြီးကို လင်းမြွေမပတ်ချင်နှင့်။

လုံးပတ်၊ အရှည်နှင့် အားအင်အရာတွင် အလွန်ကြီးမားသော စပါးကြီးမြွေကို အချိုးအဆအားဖြင့် မယှဉ်သာအောင် ငယ်သော လင်းမြွေက ရစ်ပတ်နေ၍ အကြောင်း မထူး၊ အရာမရောက်သဖြင့် ထိုသို့ သဘောရောက်သည့် အပြုအမူမျိုး မပြုလုပ်ပါနှင့် ဟုဆိုလိုသည်။ ပိုမိုတတ်သိကျွမ်းကျင်သူကို မတတ်သိ မကျွမ်းကျင်သူက သြဝါဒပေး

mgyoe.com